# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၂၃၀)၊ ၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက် ၊ ၂၅-၇-၂၀၂၅၊ သောကြာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# KNU ၊ KNLA နှင့် PDF အကြမ်းဖက်ပူးပေါင်းအဖွဲ့များ နှောင့်ယှက်ပိတ်ဆို့ထားသည့် ကျုံဒိုး-ကော့ကရိတ် ပြည်ထောင်စုကားလမ်းမကြီးအား တပ်မတော်စစ်ကြောင်းများက ပြန်လည်ထိန်းချုပ်ဖွင့်လှစ်

နေပြည်တော် ဇူလိုင် ၂၄

ကော့ကရိတ်မြို့သည် ကရင်ပြည်နယ် ကော့ကရိတ်ခရိုင်တွင် ပါဝင်၍ ဘားအံ- မြဝတီကားလမ်းကြီးအပေါ်တွင် တည်ရှိပြီး စီးပွားရေး အချက်အချာကျသော မြို့တစ်မြို့ဖြစ်သည်။ မြန်မာ-ထိုင်း နယ်စပ်မြို့ဖြစ်သော မြဝတီမြို့နှင့် ၄၁ မိုင်ခန့်သာ ကွာဝေးပြီး ကူးသန်းရောင်းဝယ်ရေးအတွက် အဓိကကျသည့် အာရှလမ်းမကြီးပေါ်တွင် တည်ရှိကာ ကော့ကရိတ်မြို့မှ မြဝတီမြို့-ဘားအံ-မော်လမြိုင်နှင့် ကြာအင်းဆိပ်ကြီးမြို့များသို့ သွားလာနိုင်သည့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သော အဓိက အချက်အချာကျသည့် လမ်းဆုံမြို့တစ်မြို့ဖြစ်သည်။

**ဘေးလွတ်ရာသို့ ယာယီနေရပ်စွန့်ခွာခဲ့ရ**

ထိုသို့ အာရှလမ်းမကြီးပေါ်ရှိ အဓိက အချက်အချာကျသည့် ကော့ကရိတ်မြို့နှင့် ဘားအံ-ကော့ကရိတ်-မြဝတီ အာရှလမ်းမကြီးအား ထိန်းချုပ်ရန်၊ နယ်စပ်ကုန်စည်စီးဆင်းမှုနှင့် အစိုးရအုပ်ချုပ်မှုယန္တရားများ ရပ်တန့်စေရန် ရည်ရွယ်၍ KNU ၊ KNLA နှင့် PDF အကြမ်းဖက် ပူးပေါင်းအဖွဲ့များသည် ကော့ကရိတ်မြို့နှင့် နယ်မြေခံတပ်ဌာနချုပ်များအား အပြီးအပိုင် သိမ်းပိုက်ရန်အတွက် ၂၀၂၄ ခုနှစ် ဧပြီလဆန်းပိုင်းမှစ၍ သာလွန်အင်အားများဖြင့် ကော့ကရိတ်-သင်္ကန်းညိုနောင် လမ်းပေါင်းအတိုင်း

စာမျက်နှာ ၇ သို့ ❖



ကျုံဒိုး-ကော့ကရိတ် လမ်းကြောင်းအား တပ်မတော်စစ်ကြောင်းများက ပြန်လည်ထိန်းချုပ်နိုင်မှု မှတ်တမ်းဓာတ်ပုံ။

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၂၄

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ကယားပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးမည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဓလ

## ယနေ့ ဖတ်စရာ အညွှန်း


ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

စာမျက်နှာ ၂

ဘာစီလိုနာအသင်းနှင့်အတူ အောင်မြင်မှုဆုဖလားများစွာ ရယူသွားမည်ဟု ရပ်ရှ်ဖို့ဒ် ပြောကြား

စာမျက်နှာ ၁၁

X-Ray ဖြင့် ရွှေပါဝင်မှုနှုန်းနှင့် ရွှေအရည်အသွေးကို စစ်ဆေးမည်

စာမျက်နှာ ၁၂

၂၀၂၅ ခုနှစ်၊ ဇူလိုင် ၂၅ ရက်၊ သောကြာနေ့။

မန္တလေး

# အပြန်အလှန် ကျေးဇူးပြုသိတတ်ခြင်း

လူ့ဘောင်လောကသည် တစ်ဦးကိုတစ်ဦး အပြန်အလှန် ကျေးဇူးပြုခြင်းဖြင့် တည်တံ့နေသည်။ စိတ်ကောင်းစေတနာကောင်းများ ပိုင်ဆိုင်ထားသော မြန်မာလူမျိုးတို့သည် သူတစ်ပါးအား ကူညီပေးကြသည်။ အပြန်အလှန် အကျိုးရလဒ် မျှော်လင့်ချက်မရှိဘဲ နှုတ်အားဖြင့်လည်းကောင်း၊ ကိုယ်အားဖြင့်လည်းကောင်း၊ ရုပ်ဝတ္ထုပစ္စည်းအားဖြင့်လည်းကောင်း ပံ့ပိုးကူညီပေးမှုဖြစ်သည်။ ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီဖြစ်သည်။ လူသားတို့အကြားတွင် ကျေးဇူးတရားသည် မကင်းနိုင်သောအရာဖြစ်သည်။ ကိုင်းပင်တို့ကြောင့် ကျွန်းမြေသည် တည်တံ့ရသကဲ့သို့ ကျွန်းမြေကြောင့်လည်း ကိုင်းပင်တို့ ရှင်သန်နေရသည်။ ဥယျာဉ်ဟူ၍ ရှိနေသောကြောင့် ရောင်စုံပန်းများပွင့်လန်း၍ ရောင်စုံပန်းတို့ကြောင့်လည်း ဥယျာဉ်သည် တင့်တယ်လှပနေသည်။ ဤသို့လျှင် လောကသည် ကျေးဇူးပြုသူ၊ ကျေးဇူးခံယူသူများဖြင့် ဖွဲ့တည်နေသည်။

ကျေးဇူးပြုသူ၊ ကျေးဇူးခံယူသူများဖြင့် ဖွဲ့တည်ထားသော်လည်း ထိုအရာများသည် ဟန်ချက်ညီရန်လိုအပ်သည်။ ကျေးဇူးပြုသူက မာန်မာနမပါ၊ မေတ္တာရှေ့ထားရပြီး ကျေးဇူးခံယူသူက တုံ့ပြန်မေတ္တာဖြင့် ကျေးဇူးဆပ်ရမည်ဖြစ်သည်။ သစ်ပင်ရိပ်ကို ခိုလှုံခဲ့ဖူးသူက ထိုသစ်ပင်၏ ကျေးဇူးကိုသိတတ်ရသည်။ ကျေးဇူးသိတတ်၊ ကျေးဇူးဆပ်တတ်ခြင်းသည် မင်္ဂလာဖြစ်သည်ဟု ဗုဒ္ဓဘုရားက ဟောကြားတော်မူခဲ့သည်။ တစ်လုပ်စားဖူး၊ သူ့ကျေးဇူး အထူးမမေ့သင့်ဟု ဆိုသင့်ဆိုထိုက်သည်။

ကျေးဇူးကို စံထားရာတွင် ဘုရားလောင်း ကျေးမင်းသည် စံထားအပ်သည်။ ကျေးမင်းသည် ကောက်သလင်းလယ်များတွင် အစာစားရာ၌ မိမိဝမ်းဝရုံမျှမက များစွာသော သလေးနှံတို့ကိုလည်း ကိုက်ချီကာ ယူဆောင်သွားတတ်သည်။ လယ်ရှင်က ကျေးမင်းအားဖမ်း၍ မေးသောအခါ မိအို၊ ဖအိုတို့အတွက် ဆောင်ယူကြောင်း ဖြေလေသည်။ လယ်ရှင်သည် မိဘကို လုပ်ကျွေးသော ကျေးမင်းအား နှစ်သက်ကြည်ညိုပြီး တစ်ပယ်မျှလယ်ကို ပေးလှူပူဇော်ခဲ့သည်။ မိဘကျေးဇူးကို သိတတ်၍ ခံစားရသော အကျိုးကျေးဇူးဖြစ်သည်။ ကျေးဇူးကို ငယ်သည်၊ ကြီးသည်၊ နည်းသည်၊ များသည်တိုင်းတာ၍မရပါ။ ကျေးဇူးကိုခံယူသူက တန်ဖိုးထားကာ အစဉ်ထာဝရသတိရနေပါလျှင် ထိုကျေးဇူးသည် ကြီးမားများပြားသည်ဟုဆိုနိုင်သည်။ ထို့အပြင် ကျေးဇူးသိတတ်ခြင်းသည် လောကဖွံ့ဖြိုးတိုးတက်စေကြောင်း နည်းလမ်းကောင်းဟု ဆိုထိုက်သည်။ သားသမီးများကလည်း မိဘကျေးဇူးကို တုံ့ပြန်ပေးဆပ်ခြင်းဖြင့် သာယာသော မိသားစုရိပ်မြုံကလေး ဖြစ်နိုင်သည်။ တောင်သူလယ်သမားတို့ကို ထမင်းစားသူတိုင်းက ကျေးဇူးသိခြင်းဖြင့် စားနပ်ရိက္ခာ ပိုမိုကြွယ်ဝလာမည်ဖြစ်သည်။ နိုင်ငံသားတိုင်းက အမိမြေ၏ကျေးဇူးကို တုံ့ပြန်ပေးဆပ်ခြင်းဖြင့် အမိမြေ စည်ပင်တိုးတက်လာမည်ဖြစ်သည်။ ကျောင်းသားများသည်လည်း ပညာသင်ကြားရာ ငယ်ရွယ်စဉ်ကတည်းက ကျေးဇူးသိတတ်သူ လူကောင်း၊ လူတော်စိတ်များ ဖြစ်လာအောင် မွေးမြူရမည်ဖြစ်သည်။

လူ့ဘောင်လောကတွင် တစ်ဦးကိုတစ်ဦး အပြန်အလှန် ကျေးဇူးသိတတ်ခြင်း၊ ကျေးဇူးဆပ်တတ်ခြင်းသည် မင်္ဂလာမည်သည်။ အပြန်အလှန်ကျေးဇူးဆပ်ရာတွင် အထူးသဖြင့် မိဘကျေးဇူး၊ ဆရာသမားများ၏ ကျေးဇူးကို သိတတ်ရခြင်း၊ သိတတ်ရုံမျှမက ပြန်လည်ပေးဆပ်နိုင်အောင်လည်း ကြိုးစားခြင်းသည် ကိုယ်ကျင့်သီလ၏ အခိုင်အမာဆုံးအရာပင်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ




**မန္တလေး ဇူလိုင် ၂၄**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာ ဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒတန်ဖိုးနည်းအိမ်ရာဝင်းအတွင်း၊ ပုံကျဈေးအနီး ဓမ္မာရုံရှေ့တို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို ဇူလိုင် ၂၅ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံ့ရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂ လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ ၇၂လမ်းနှင့် မင်္ဂလာပန်းခြံလမ်းထောင့်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့တွင်လည်းကောင်း၊ ဇူလိုင် ၂၆ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ဟေမမာလာတောင်ရပ်ကွက်၊ လမ်း၈၀၊ ၃၉လမ်းနှင့် လမ်း ၄၀ကြား၊ အမရပူရမြို့နယ်၊ ရွှေကြက်ယက်ကျေးရွာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

**(မန္တလေးနေ့စဉ်-၆)**

၀-၀-၀-၀-၀

## အငြိမ်းစားပင်စင်စားများအား Biometric ကောက်ယူကာ Unique ID နံပါတ် ထုတ်ပေးခြင်းလုပ်ငန်းကို မြန်မာ့စီးပွားရေးဘဏ် (ပုသိမ်ကြီး) ၌ သွားရောက်ပြုလုပ်ပေး



**မန္တလေး ဇူလိုင် ၂၄**

မန္တလေးမြို့ပေါ်ရှိ မြို့နယ်အသီးသီးမှ အငြိမ်းစားပင်စင်စားများအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက Biometric ကောက်ယူကာ Unique ID နံပါတ် ထုတ်ပေးခြင်း လုပ်ငန်းကို ယနေ့နံနက် ၈နာရီခွဲက ပုသိမ်ကြီးမြို့နယ်အတွင်းရှိ မြန်မာ့စီးပွားရေးဘဏ်(ပုသိမ်ကြီး) ၌ ပြုလုပ်ပေးခဲ့သည်။ (ဝဲပုံ)

ထိုသို့ ပြုလုပ်ပေးရာတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပုသိမ်ကြီးမြို့နယ်ဦးစီးမှူး ဦးကျော်မင်းထွန်းနှင့် မြန်မာ့စီးပွားရေးဘဏ်မန်နေဂျာ ဒေါ်နီနီလွင် ဦးဆောင်၍ ဝန်ထမ်းများက အငြိမ်းစားပင်စင်စားများအား ဘဏ်သို့ ပင်စင်လာရောက်ထုတ်ယူရင်း Biometric ကောက်ယူကာ Unique IDနံပါတ် ထုတ်ပေးခြင်းအား အလွယ်တကူရရှိနိုင်ရေး ဇူလိုင် ၂၃ ရက်မှစ၍ ဇူလိုင်လကုန်ထိ နံနက် ၈နာရီခွဲမှ ညနေ ၄နာရီခွဲအထိ စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

အဆိုပါ Biometric ကောက်ယူကာ Unique ID နံပါတ် ထုတ်ပေးခြင်းဆောင်ရွက်ပေးရာသို့ အောင်မြေသာစံခရိုင် ပုသိမ်ကြီးမြို့နယ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေလင်းထွန်းနှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## ဈေးနှုန်းချိုသာစွာဖြင့် စားအုန်းဆီ(၁၁၀)ပိဿာ ရောင်းချပေး



**ကျောက်ဆည် ဇူလိုင် ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် ကျေးလက်နေပြည်သူများ အခြေခံစားသောက်ကုန်ဖြစ်သည့် စားသုံးဆီအခက်အခဲမရှိရေး ခရိုင်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းနှင့် ခရိုင်စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်း၍ စဉ်ဆက်မပြတ်ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက လေးဆယ်ကုန်းကျေးရွာ၌ ဈေးနှုန်းချိုသာစွာဖြင့် စားအုန်းဆီ (၁၁၀)ပိဿာ ရောင်းချပေးခဲ့သည်။

ထိုသို့ရောင်းချပေးရာတွင် ပြည်သူများအဆင်ပြေစေရေး ဆီဝယ်ယူနိုင်သည့် စာအုပ်များ ပြုလုပ်ပြီး ဒေါ်တင်နွဲ့ မိုလ်တစ်ထောင်စားဆီ လက်လီလက်ကား ရောင်းဝယ်ရေးဆိုင်မှ တစ်ပိဿာလျှင် ငွေ(၇၁၁၅)ကျပ်နှုန်းဖြင့် ဆီဝယ်စာအုပ်တစ်အုပ်လျှင် ဆီနှစ်ပိဿာနှုန်းဖြင့် ဆီ(၁၁၀)ပိဿာ ရောင်းချပေးခဲ့ကြောင်း သိရှိရပြီး ခရိုင်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းအနေဖြင့် စက်ရုံ/အလုပ်ရုံများ၊ ဌာနဆိုင်ရာဦးစီးဌာနများတွင်လည်း စားအုန်းဆီများ စဉ်ဆက်မပြတ် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

**သက်မောင်(ကျောက်ဆည်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေကိုပြင်ဆင်သည့်ဥပဒေ

( နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၄၂ / ၂၀၂၅ )

၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၅ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေတွင်ပါရှိသော **"ရထားပို့ဆောင်ရေးဝန်ကြီးဌာန"** ဆိုသည့်စကားရပ်နှင့် **"ပို့ဆောင်ရေးဝန်ကြီးဌာန"**ဆိုသည့် စကားရပ်များကို **"ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန"**ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ **"ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန"**ဆိုသည့်စကားရပ်ကို **"ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန"**ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ **"ဘဏ္ဍာရေးဝန်ကြီးဌာန"**ဆိုသည့်စကားရပ်ကို **"စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန"**ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၃။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေ ပုဒ်မ ၅ ပုဒ်မခွဲ(က) တွင်-
(က) ပုဒ်မခွဲငယ် (၁၀)ကို ပယ်ဖျက်ရမည်။
( ခ ) မူလပုဒ်မခွဲငယ်(၁၁)၊ (၁၂)၊ (၁၃) နှင့် (၁၄) တို့ကို ပုဒ်မ ခွဲငယ်(၁၀)၊ (၁၁)၊ (၁၂) နှင့် (၁၃) တို့အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

၄။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေပုဒ်မ ၅ ပုဒ်မခွဲ(ခ)ပါ **"ကော်မတီ"** ဆိုသည့် စကားရပ်ကို **"အမျိုးသားကော်မတီ"**ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေပုဒ်မ ၃၃ ပုဒ်မခွဲ(ဂ)ပါ **"လုပ်ငန်းကော်မတီ"** ဆိုသည့် စကားရပ်ကို **"နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးလုပ်ငန်းကော်မတီ"**ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေ အခန်း(၁၀)ခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုးရမည် -

**" အခကြေးငွေနှင့်ဒဏ်ကြေးငွေများသတ်မှတ်ခြင်းနှင့် ကောက်ခံခြင်း "**

၇။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေ ပုဒ်မ ၄၉ တွင် -
(က) ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည် -
"ဝန်ကြီးဌာနသည် ကောက်ခံရမည့် အောက်ပါအခကြေးငွေများနှင့် ဒဏ်ကြေးငွေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များဖြင့် သတ်မှတ်ရမည်-"
( ခ ) ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည် -
"(ဂ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းဆိုင်ရာ အခြားအခကြေးငွေနှင့် ဒဏ်ကြေးငွေများ။"

၈။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေ ပုဒ်မ ၅၀ ပါ **"အခကြေးငွေများ"**ဆိုသည့် စကားရပ်ကို **"အခကြေးငွေများနှင့် ဒဏ်ကြေးငွေများ"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၉။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၅၁ တွင်-
(က) ပုဒ်မခွဲ(က) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-
"(က) ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊"
( ခ ) မူလပုဒ်မခွဲ(က)ကို ပုဒ်မခွဲ(ခ)အဖြစ်လည်းကောင်း၊ မူလပုဒ်မခွဲ(ခ)ကို ပုဒ်မခွဲ(ဂ) အဖြစ်လည်းကောင်း ပြောင်းလဲအမှတ်စဉ်ရမည်။

၁၀။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေ ပုဒ်မ ၅၂တွင်-
(က) ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-
"(က) ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊"
( ခ ) မူလပုဒ်မခွဲ(က)ကို ပုဒ်မခွဲ(ခ)အဖြစ်လည်းကောင်း၊ မူလပုဒ်မခွဲ(ခ)ကို ပုဒ်မခွဲ(ဂ)အဖြစ်လည်းကောင်း ပြောင်းလဲအမှတ်စဉ်ရမည်၊

၁၁။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေ ပုဒ်မ ၅၃ ကို အောက်ပါအတိုင်းအစားထိုးရမည်-
"၅၃။ ပုဒ်မ ၁၄ အရ ဦးစီးဌာနက လွှဲအပ်တာဝန်ပေးထားသည့် ခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနသည် စီမံခန့်ခွဲရေး ပြစ်ဒဏ်များအနက် ပုဒ်မ ၅၁ ပုဒ်မခွဲ (က) သို့မဟုတ် (ခ)ပါ ပြစ်ဒဏ်ကို ချမှတ်နိုင်သည်။"

၁၂။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေပုဒ်မ ၅၄၊ ၅၅ နှင့် ၅၆ တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -
"၅၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနကဖြစ်စေ၊ ဦးစီးဌာနက လွှဲအပ်တာဝန်ပေးထားသည့် ခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနကဖြစ်စေ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအတွက် လုပ်ငန်းလိုင်စင် ထုတ်ပေးရန် သို့မဟုတ် လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်အား ငြင်းပယ်သောအမိန့်ကို မကျေနပ်သူသည် ထိုအမိန့်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ဦးစီးဌာနသို့ အယူခံနိုင်သည်။
၅၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနက ပုဒ်မ ၅၁ အရ ချမှတ်သော စီမံခန့်ခွဲရေး ပြစ်ဒဏ်ကိုဖြစ်စေ၊ ဦးစီးဌာနက လွှဲအပ်တာဝန်ပေးထားသည့် ခရိုင် သို့မဟုတ် မြို့နယ်ဦးစီးဌာနက ပုဒ်မ ၅၃ အရ ချမှတ်သော စီမံခန့်ခွဲရေး ပြစ်ဒဏ်ကိုဖြစ်စေ မကျေနပ်သူသည် ထိုပြစ်ဒဏ် ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ဦးစီးဌာနသို့ အယူခံနိုင်သည်။
၅၆။ ပုဒ်မ ၅၄ သို့မဟုတ် ၅၅ အရ အယူခံမှုတွင် ဦးစီးဌာနသည် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။"

၁၃။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဥပဒေပုဒ်မ ၅၈၊ ၅၉ နှင့် ၆၀ တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -
"၅၈။ ပုဒ်မ ၅၆ အရ အယူခံမှုတွင် ဦးစီးဌာနက ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ထိုအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။
၅၉။ ဦးစီးဌာနက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျော်လွန်၍ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းအတွက်ဖြစ်စေ၊ နယ်စပ်ဖြတ်ကျော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းအတွက်ဖြစ်စေ လုပ်ငန်းလိုင်စင်ထုတ်ပေးရန် သို့မဟုတ် လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်အား ငြင်းပယ်သော အမိန့်ကို မကျေနပ်သူသည် ထိုအမိန့်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။
၆၀။ ပုဒ်မ ၅၇၊ ၅၈ သို့မဟုတ် ၅၉ အရ အယူခံမှုတွင် ဝန်ကြီးဌာနသည် အမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တရုတ်နိုင်ငံတကာဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၄

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် တရုတ်နိုင်ငံတကာဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (CIDCA) ဥက္ကဋ္ဌ Mr. Chen Xiaodong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် Park Royal Hotel ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် မဏ္ဍလေးငလျင်ကြီးဖြစ်ပွားခဲ့မှုကြောင့် ထိခိုက်ပျက်စီးမှုများအတွက် တရုတ်နိုင်ငံအစိုးရ၏ လူသားချင်းစာနာထောက်ထားမှု အကူအညီအထောက်အပံ့များ အချိန်နှင့်တစ်ပြေးညီ ပေးအပ်ခဲ့မှု၊ ငလျင်အလွန် ပြန်လည်ထူထောင်ရေးစီမံကိန်းများ၊ နှစ်နိုင်ငံ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များနှင့် ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ CIDCA ၏ ဒေသရေးရာဌာန



ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဌာန ညွှန်ကြားရေးမှူးချုပ်၊ ကိုယ်စားလှယ်များနှင့် တရုတ်သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် Modular House များတွင် နေထိုင်ကြသည့် ဝန်ထမ်းများအား တွေ့ဆုံအားပေး

နေပြည်တော် ဇူလိုင် ၂၄

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းနှင့် ဦးမင်းထွန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့ညနေပိုင်းတွင် ဝန်ကြီးဌာနက ယာယီဆောက်လုပ်ထားရှိသည့် Modular House များကို သွားရောက်ကြည့်ရှုပြီး နေထိုင်ကြသည့် ဝန်ထမ်းများအား တွေ့ဆုံအားပေးသည်။

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများ လုံခြုံစိတ်ချစွာဖြင့် စည်းကမ်းတကျနေထိုင်နိုင်ရေး၊ သောက်သုံးရေနှင့် မီး၊ မိလ္လာစနစ်များကောင်းမွန်ရေး၊ ကူးစက်ရောဂါများ မဖြစ်ပေါ်စေရေး၊ လိုအပ်သည်ကို တာဝန်ရှိသူများက ဆောင်ရွက်ပေးရေး၊ လုံခြုံရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာကိစ္စများအတွက် တာဝန်ခံများအဆင့်ဆင့် တာဝန်ပေးဖွဲ့စည်းထားရှိရေးတို့ကို မှာကြားပြီး ဝန်ထမ်းများနေထိုင်စားသောက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများသည် Modular House များတွင် နေထိုင်ကြသည့် ဝန်ထမ်းများအား စားဖိုဆောင် သီးနှံများနှင့် ကြက်ဥများ ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော် တီမောလက်စ်တေသံရုံးမှ သံရုံးယာယီတာဝန်ခံအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၄

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်သည် ရန်ကုန်မြို့အခြေစိုက် တီမောလက်စ်တေသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Olandino Ruide Andrade အား ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

## ပြောကြား

တွေ့ဆုံစဉ် တီမောလက်စ်တေသံရုံးယာယီတာဝန်ခံက တီမောလက်စ်တေနိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးနှင့် ကောင်းမွန်သော ဆက်ဆံရေးထူထောင်လိုပါကြောင်း၊ တီမောလက်စ်တေနိုင်ငံမှ အာဆီယံသို့ အဖွဲ့ဝင်ဖြစ်ရေး ကြိုးပမ်းဆောင်ရွက်ရာတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံး၏ အားပေးထောက်ခံမှုကို ရရှိလိုပါကြောင်း၊ တီမောလက်စ်တေနိုင်ငံအနေဖြင့် အာဆီယံပဋိညာဉ်စာတမ်းပါ ပြဋ္ဌာန်းချက်များအားလုံးကို လေးစားလိုက်နာသွားမည်ဖြစ်ပါကြောင်း ထပ်လောင်းအတည်ပြု ပြောကြားသည်။ ထို့ပြင် တီမောလက်စ်တေသံရုံးယာယီတာဝန်ခံက မြန်မာနိုင်ငံနှင့် တီမောလက်စ်တေနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုကို တိုးမြှင့်ရန်အတွက် ၎င်းတို့အနေဖြင့် ဆန္ဒရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တီမောလက်စ်တေနိုင်ငံ၏ မြို့တော်ဒီလီ၌ သံရုံးလာရောက် ဖွင့်လှစ်စေလိုပါကြောင်း မေတ္တာရပ်ခံပြောကြားသည်။

ဒုတိယဝန်ကြီးက တီမောလက်စ်တေနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် နှစ်နိုင်ငံ ဆက်ဆံရေးတိုးမြှင့်ရန် ဆန္ဒရှိမှုကို သိရှိရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ တီမောလက်စ်တေ နိုင်ငံခြားရေးဝန်ကြီးအနေဖြင့် မြန်မာနိုင်ငံသို့ လာရောက်ရန် ဆန္ဒရှိသည်ဟုသိရှိရပါကြောင်း၊ မြန်မာနိုင်ငံသည် မိမိတို့၏ နိုင်ငံခြားရေးမူဝါဒနှင့်အညီ အာဆီယံအသိုက်အဝန်းထူထောင်ရေးလုပ်ငန်းများနှင့် အာဆီယံဥက္ကဋ္ဌ၏ ဦးဆောင်ဦးရွက်ပြုမှုများကို တက်ကြွစွာ လိုက်ပါဆောင်ရွက်လျက်ရှိပါကြောင်း၊ တီမောလက်စ်တေနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်ရေး ကြိုးပမ်းဆောင်ရွက်ရာတွင် အာဆီယံပဋိညာဉ်နှင့် အညီဖြစ်ရန်လိုအပ်ကြောင်း အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက် မစွက်ဖက်ရန် လိုအပ်ပါကြောင်း၊ မကြာမီက ကျင်းပပြုလုပ်ခဲ့သည့် (၅၈) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကာလအတွင်း မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် တီမောလက်စ်တေနိုင်ငံခြားရေးဝန်ကြီးတို့ တွေ့ဆုံခဲ့ကြရာတွင်လည်း နှစ်နိုင်ငံဆက်ဆံရေး တိုးတက် ကောင်းမွန်စေရန်အတွက် အပြုသဘောဆောင် ဆွေးနွေးနိုင်ခဲ့ပါကြောင်း ပြောကြားသည်။

သတင်းစဉ်



❖ စာမျက်နှာ ၂၄ မှ

အဆိုပါ အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေတို့တွင် ပိုမိုအားကောင်းလာနိုင်ကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ထို့မှတစ်ဆင့် နောက်နှစ်ရက်အတွင်း အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂလားပြည်နယ်၊ ဩရိဿပြည်နယ်မြောက်ပိုင်း၊ ဂျက်ခမ်းပြည်နယ်နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ချက်တစ်ဂတ်ပြည်နယ်မြောက်ပိုင်းတို့သို့ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ အားကောင်းသောလေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း၊ ယနေ့ညမှ ဇူလိုင် ၂၈ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၄ ပေမှ ၁၆ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ မိုး/ဇလ

## မြန်မာနိုင်ငံပြန်တမ်း

**အမြဲတမ်းအတွင်းဝန် / ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားသူကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးအောင်မော်အား အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ် တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## ၂၄ - ၇ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅၉၀၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ဝင်္ကမြစ်ရေ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

နေပြည်တော် ဇူလိုင် ၂၄

ယနေ့မွန်းလွဲ ၁နာရီခွဲ တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် သာပေါင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် သုံးလက်မခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ သာပေါင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့။**

# တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် တည်ထောင်သည့် (၉၈)နှစ်မြောက်အခမ်းအနား ကျင်းပ

နေပြည်တော် ဇူလိုင် ၂၄

တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော် တည်ထောင်သည့် (၉၈)နှစ်မြောက်အခမ်းအနားကို ယနေ့ ညပိုင်းတွင် ရန်ကုန်မြို့ရှိ Novotel Max ဟိုတယ်၌ ကျင်းပရာ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့်ဇနီး တက်ရောက်သည်။

ဦးစွာ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် အဖွဲ့ဝင်များသည် အဆိုပါအခမ်းအနား ကျင်းပသည့်နေရာသို့ ရောက်ရှိကြရာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E. Ms. Ma Jia၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်စစ်သံမှူး Senior Colonel Qu Zhe နှင့်ဇနီး၊ တာဝန်ရှိသူများကရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြပြီး ခန်းမအတွင်း ပြသထားသော မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။




ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သီချင်းနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံတော်သီချင်းတို့ဖြင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် တည်ထောင်သည့် (၉၈)နှစ်မြောက် အခမ်းအနားကို စတင်ဖွင့်လှစ်ပြီး တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်၏ မှတ်တမ်းဗီဒီယိုကို ပြသသည်။

ယင်းနောက်မြန်မာနိုင်ငံဆိုင်ရာတရုတ် စစ်သံမှူး Senior Colonel Qu Zhe က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး၊ တရုတ်စစ်သံမှူး နှင့်ဇနီးတို့က တရုတ်ပြည်သူ့လွတ်မြောက် ရေးတပ်မတော် တည်ထောင်သည့် (၉၈)နှစ်မြောက် အထိမ်းအမှတ်ကိတ်မုန့်ကို လှီးဖြတ်ပေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးနှင့် တရုတ်စစ်သံမှူးတို့ကအခမ်းအနားသို့တက်ရောက် လာကြသူများအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ အခမ်းအနားသို့ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာန ချုပ်တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြား သံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီ တာဝန်ခံများ၊ စစ်သံမှူးများနှင့် ဖိတ်ကြား ထားသည့် ဧည့်သည်တော်များ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

## ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ Woodworking နည်းပညာဌာနရှိ အိမ်တွင်းအလှဆင်နှင့် ပရိဘောဂပစ္စည်းများ လက်တွေ့ထုတ်လုပ်ထားရှိမှု ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇူလိုင် ၂၄

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ဇူလိုင် ၂၂ ရက်တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန စက်မှုနည်းပညာ လေ့ကျင့်သင်ကြားရေး သင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် ကျောင်းအုပ်ကြီး၊ ဆရာများနှင့် တွေ့ဆုံ၍ လိုအပ်ချက်တင်ပြမှုများ အပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဒေသတွင်း စက်မှုဇုန်များ၊ MSME လုပ်ငန်းများရှိ စက်မှုကုန်ထုတ်လုပ်မှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ် အထောက်အကူပြုနိုင်မည့် ခေတ်မီနည်းပညာရှင် လူငယ်ကောင်းများကို စဉ်ဆက်မပြတ် ပျိုးထောင်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် Future Technology Lab သို့ ရောက်ရှိပြီး ဉာဏ်ရည်တုနည်းပညာ(AI)နှင့် Internet of Things(IoT) နည်းပညာတို့ကို စက်မှုကုန်ထုတ်လုပ်ငန်းများတွင် လက်တွေ့ကျကျ အသုံးချနိုင်ရေးအတွက် သင်တန်းများတွင် လေ့ကျင့်သင်ကြားပေးနေမှုကို ကြည့်ရှုအားပေးကာ သင်တန်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် Woodworking နည်းပညာဌာနရှိ အိမ်တွင်းအလှဆင်နှင့် ပရိဘောဂပစ္စည်းများ လက်တွေ့ထုတ်လုပ်ထားရှိမှု အခြေအနေ၊ စာကြည့်တိုက်တွင် ပြင်ဆင်ထားရှိမှုနှင့် စာအုပ်များ ဖြည့်ဆည်းထားရှိမှု အခြေအနေ၊ ကျောင်းဥပဓိရုပ် ကောင်းမွန်ရေးနှင့် သန့်ရှင်း၊ သပ်ရပ်၊ သာယာလှပရေး ဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားသည်။

အဆိုပါ သင်တန်းကျောင်းတွင် စက်မှုကုန်ထုတ်လုပ်မှုနည်းပညာဆိုင်ရာ သင်တန်းသုံးခု၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဆိုင်ရာ သင်တန်းတစ်ခု၊ Woodworking နည်းပညာဆိုင်ရာ သင်တန်းနှစ်ခု၊ ရေစီမံခန့်ခွဲမှုဆိုင်ရာ သင်တန်း တစ်ခု စုစုပေါင်း သင်တန်း ခုနစ်ခုအပြင် အင်ဂျင်နီယာဘွဲ့ကြို ကျောင်းသားများအတွက် လုပ်ငန်းခွင်အသင့်လေ့ကျင့်ရေး သင်တန်းများ၊ ဆရာများအတွက် Reskilling နှင့် Upskilling သင်တန်းများ၊ နိုင်ငံတကာနည်းပညာပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်မည့် ကျောင်းသားများအတွက် ပြိုင်ပွဲအကြိုသင်တန်းများကိုပါ ဖွင့်လှစ်လေ့ကျင့်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၃၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့



နောင်ချိုမြို့ရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ ကျောင်းအပ်လက်ခံခြင်းများ ဆောင်ရွက်နေစဉ်။



နောင်ချိုမြို့ရှိ ယာယီဆေးရုံများ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေစဉ်။

# နောင်ချိုမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ်လက်ခံခြင်းနှင့် ယာယီဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများကြောင့် တစ်နှစ်နီးပါး ပိတ်ထားခဲ့ရသည့်အခြေခံပညာကျောင်းများကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်ပြီး ပညာသင်ကြားနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိရာ နောင်ချိုမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဇူလိုင် ၂၂ ရက်မှစတင်၍ ကျောင်းအပ်လက်ခံပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း ကျောင်းသား ကျောင်းသူ ၃၀ လာရောက်ကျောင်းအပ်နှံကြပြီး ကျောင်းအပ်နှံမှု အဆင်ပြေချောမွေ့စေရန်အတွက် တပ်မတော်သားများ၊ ဆရာ ဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့် ဒေသခံမိဘပြည်သူများအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြသည်။ အဆိုပါကျောင်းအပ်နှံရေးနေ့ကို ဇူလိုင် ၂၂ ရက်မှ ယနေ့အထိ သတ်မှတ်ထားပြီး ယနေ့အထိ ကျောင်းသား ကျောင်းသူ ၄၅၆ ဦး လာရောက်အပ်နှံထားကြောင်း သိရသည်။ ထိုသို့ ကျောင်းသားကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ၊ သန့်ရှင်းသပ်ရပ်စွာနှင့် လုံခြုံစွာ ပညာသင်ကြားနိုင်ရေးအတွက် တပ်မတော်သားများက လိုအပ်သည့် မိုင်းရှင်းလင်းရေး၊ လုံခြုံရေးနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် နောင်ချိုမြို့သို့ ပြန်လည်ဝင်ရောက်နေထိုင်လျက်ရှိသည့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် မြနန်းတော်ဝင်မင်္ဂလာခန်းမ၌ တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်း၍ ယာယီဆေးရုံဖွင့်လှစ်ပြီး ဆေးကုသပေးခြင်းများဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ဒေသခံတိုင်းရင်းသားပြည်သူ ၁၂၁ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

ဆက်လက်၍ နောင်ချိုမြို့ပေါ်ရှိ ပြည်သူ့ဆေးရုံကြီး အချိန်မီပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများက ဆေးရုံပတ်ဝန်းကျင်ရှိ ချုံနွယ်ပေါင်းမြက်များကို ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေမြောင်းများ တူးဖော်ဆယ်တင်ပေးခြင်းနှင့် သန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ပေးကြကြောင်း သိရသည်။

သတင်းစဉ်

# နောင်ချိုမြို့ရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်

နေပြည်တော် ဇူလိုင် ၂၄

တပ်မတော်က ပြည်သူလူထု အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter- Terrorism Operation) ဆောင်ရွက်ကာ ပြန်လည်ထိန်းချုပ်ထားသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ ပညာရေးကဏ္ဍတွင် နစ်နာဆုံးရှုံးမှုများမဖြစ်စေရန်အတွက် အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားစဉ် တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်ပြီး ပညာသင်ကြားပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ကျောင်းတက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူများနှင့် ပညာသင်ကြားပေးကြမည့် ဆရာ ဆရာမများအား နိုင်ငံတော်အစိုးရနှင့် တပ်မတော်က ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်ချီးမြှင့်ခြင်းကို ယနေ့နံနက်ပိုင်းတွင် နောင်ချိုမြို့ရှိ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်ရာ တပ်မတော်မှ တာဝန်ရှိသူများ၊ ကျောက်မဲခရိုင်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ဗိုလ်မှူးကြီး မြင့်ဟိန်းက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအတွက် နိုင်ငံတော်အစိုးရက ထောက်ပံ့ပေးအပ်သည့် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ် ၁၈၀၀၀၀၊ ခဲတံဒါဇင် ၃၈၆၀၊ ဘောပင်အချောင်း ၃၀၀၀ နှင့် ကျောင်းဝတ်စုံ ၂၀၀ တို့ကိုလည်းကောင်း၊ ဆရာ ဆရာမများအတွက် တပ်မတော်က ချီးမြှင့်ပေးအပ်သည့် ကျောင်းဝတ်စုံ ၁၇၆ စုံတို့ကိုလည်းကောင်း ပေးအပ်ချီးမြှင့်ရာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက လက်ခံရယူကြသည်။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည့်အတွက် အတန်းပညာတတ်မြောက်မှသာ အတတ်ပညာကို သင်ယူတတ်မြောက်နိုင်မည်ဖြစ်သောကြောင့် ပညာရေးကဏ္ဍ၏ အခြေခံအကျဆုံးဖြစ်သည့် အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရန်နှင့် ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေနိုင်ရေးအတွက် နိုင်ငံတော်အစိုးရက စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ခဲ့သည့် နောင်ချိုမြို့မှ ကျောင်းသား ကျောင်းသူများသည်လည်း အခြားအေးချမ်းသည့်ဒေသများရှိ ကျောင်းသား ကျောင်းသူများနည်းတူ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးအတွက် တပ်မတော်၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူလူထုတို့ ပူးပေါင်း၍ အလေးပေးဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးနေမှုများနှင့် ပတ်သက်၍ ဆရာ ဆရာမများနှင့် ကျောင်းသားမိဘများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်-







ဆရာမ



ကျောင်းသားမိဘ

**ဆရာမ**

ကျောင်းသားကျောင်းသူတွေအတွက်ပညာရေးဝန်ကြီးဌာနကနေပြီးတော့ ကျောင်းဝတ်စုံတွေ၊ ကျောင်းသုံးဗလာစာအုပ်တွေ၊ ပုံနှိပ်စာအုပ်တွေ၊ သင်ထောက်ကူပစ္စည်းတွေ ထောက်ပံ့ပြီးတော့ မြန်မာ့တပ်မတော်ကလည်း ဆရာ ဆရာမတွေအတွက် တိုက်ပုံအင်္ကျီနဲ့ အဖြူအစိမ်းကျောင်းဝတ်စုံတွေကို ထောက်ပံ့ပေးပါတယ်ရှင့်။ ၁၉ ရက်နေ့မှာ ကျွန်မတို့ နောင်ချိုမြို့ထဲကို ပြန်ဝင်လာပြီးတဲ့အခါမှာ ကျောင်းတွေကို လှည့်လည်ပြီး ကြည့်ရှုပါတယ်။ အထက ( ၁ )ကို ဦးစားပေးအနေနဲ့ဖွင့်ဖို့အတွက် ၂၀ ရက်နေ့မှာ တပ်မတော်ရဲ့အကူအညီ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဌာန၊ အခြားဌာနဆိုင်ရာ ဝန်ထမ်းတွေရဲ့အကူအညီနဲ့ သန့်ရှင်းရေးကို ဆောင်ရွက်ခဲ့ပါတယ်။ လူထုတွေ့ဆုံပွဲတွေ ဆောင်ရွက်ခဲ့ပြီးတော့ ကျောင်းတွေပြန်လည်ဖွင့်လှစ်နိုင်ဖို့အတွက် အသိပညာတွေပေးခဲ့ပါတယ်။ အသိပညာတွေပေးပြီးတဲ့အခါမှာ ၂၂ ရက်နေ့မှာ ကျောင်းသားတွေကို စတင်ပြီးတော့ ကျောင်းအပ်လက်ခံခဲ့ပါတယ်။ တစ်မြို့လုံးမှာရှိတဲ့ ကျောင်းပေါင်းကိုးကျောင်းက ကျောင်းသားတွေလည်း အထက (၁) မှာပဲ ပထမဦးဆုံးကျောင်းအပ်လက်ခံခဲ့ပြီးတော့ ဦးစားပေးအနေနဲ့ ဖွင့်လှစ်ဖို့အတွက် အကြီးအကဲတွေက စီစဉ်ဆောင်ရွက်ခဲ့ပါတယ်။ အခုလိုမျိုး မြန်မာ့တပ်မတော်က ပြန်လည်ထိန်းချုပ်ပြီး အေးချမ်းသွားတဲ့အချိန်မှာ ကျွန်မတို့ ပြန်လည်ဝင်ရောက်လာပါတယ်။ ကျွန်မတို့ရဲ့ မိဘတွေ၊ ကျောင်းသား ကျောင်းသူတွေကို မြင်တွေ့ရတဲ့အခါမှာ အတိုင်းမသိ ဝမ်းသာပီတိဖြစ်ရပါတယ်။ ကျောင်းဖွင့်ပေးတဲ့အချိန်မှာ ကြီးကြပ်ကူညီပေးတဲ့ မြန်မာ့တပ်မတော်နဲ့ ဌာနဆိုင်ရာအဖွဲ့တွေရဲ့ ဦးဆောင်မှုနဲ့ ဒီကျောင်းကြီးကို ပြန်လည်ဖွင့်လှစ်နိုင်တဲ့အတွက် ကျွန်မအနေနဲ့ အတိုင်းမသိ ဝမ်းသာကြည်နူးရပါတယ်ရှင့်။

**ကျောင်းသားမိဘ**

အခုလို ကျောင်းတွေပြန်ဖွင့်တော့ ကျွန်မတို့ ကျောင်းသားမိဘတွေလည်း အတိုင်းမသိ ဝမ်းသာရပါတယ်ရှင့်။ စာအုပ်တွေ၊ ခဲတံတွေ၊ ကျောင်းဝတ်စုံတွေပေးတော့ ကျွန်မတို့ ကျောင်းသားမိဘတွေအတွက် အများကြီးအဆင်ပြေတဲ့အတွက်ကြောင့် အကြီးအကဲတွေကို အထူးပဲကျေးဇူးတင်ရှိပါတယ်ရှင့်။

သတင်းစဉ်



ကျုံဒိုး - ကော့ကရိတ် လမ်းကြောင်းအား တပ်မတော်စစ်ကြောင်းများက ပြန်လည်ထိန်းချုပ်မှု မှတ်တမ်းဓာတ်ပုံ။



ကော့ကရိတ်-ကျုံဒိုးလမ်းကြောင်း နယ်မြေရှင်းလင်းစဉ် KNU ၊ KNLA နှင့် PDF အကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိခဲ့သည့် လက်နက်၊ ခဲယမ်း၊ ကြိုးကြပ်ကန့်သတ်ပစ္စည်းများနှင့် Drone များ မှတ်တမ်းဓာတ်ပုံ။



ကော့ကရိတ်-ကျုံဒိုးလမ်းကြောင်း နယ်မြေရှင်းလင်းစဉ် သိမ်းဆည်းရမိခဲ့သည့် KNU ၊ KNLA နှင့် PDF အကြမ်းဖက်သမားများ၏ အလောင်းများကို တွေ့မြင်ရစဉ်။



ကော့ကရိတ်-ကျုံဒိုးလမ်းကြောင်း နယ်မြေရှင်းလင်းစဉ် သိမ်းဆည်းရမိခဲ့သည့် KNU ၊ KNLA နှင့် PDF အကြမ်းဖက်သမားများ၏ အလောင်းများ၊ ဆက်သွယ်ရေးမြောင်းနှင့် ဘန်ကာများအား တွေ့မြင်ရစဉ်။



KNU၊ KNLA နှင့် PDF အကြမ်းဖက်သမားများက ဖရိုဖရဲဆုတ်ခွာထွက်ပြေးစဉ်ညီညာသာလင်းတံတားအား မိုင်းထောင်ဖောက်ခွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



KNU ၊ KNLA နှင့် PDF အကြမ်းဖက်သမားများ ဖရိုဖရဲဆုတ်ခွာထွက်ပြေးစဉ် ကျုံဒိုး - ကော့ကရိတ် လမ်းကြောင်းပေါ်ရှိ ၅ တိုင်တံတားအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



KNU၊ KNLA နှင့် PDF အကြမ်းဖက်သမားများ ဖရိုဖရဲဆုတ်ခွာထွက်ပြေးစဉ် ကျုံဒိုး - ကော့ကရိတ် လမ်းကြောင်းပေါ်ရှိ ၅ တိုင်တံတားဘေး ရှောင်ကွင်းလမ်းအား အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

❖ ရှေ့ဖုံးမှ

ကော့ကရိတ်မြို့ မြောက်ဘက်ရှိ ကောင်းမှုကျေးရွာ၊ ရန်ကုတ်ကျေးရွာနှင့် ကြောင်ရှာကုန်းကျေးရွာတို့မှ လည်းကောင်း၊ မြို့တောင်ဘက် လမ်းဖာ-အစွန်း- တမိုင်ကုန်းမှ လည်းကောင်း၊ စစ်ကြောင်းနှစ်ကြောင်းဖြင့် ကော့ကရိတ်မြို့အတွင်းသို့ ဝင်ရောက်နိုင်ရေး ဆောင်ရွက်ခဲ့သည့်အပြင် အဝေးမှနေ၍ လက်နက်ကြီးများဖြင့် မြို့တွင်းသို့ ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းများကြောင့် ရုံး/ဌာန အဆောက်အအုံများနှင့် လူနေအိမ်များ မီးလောင်ပျက်စီးခဲ့ရပြီး ဒေသခံတိုင်းရင်းသား ပြည်သူများအနေဖြင့် မိမိတို့၏ တိုက်တာအိုးအိမ် အဆောက်အအုံများ၊ ဥစ္စာပစ္စည်းများကိုစွန့်ခွာ၍ ဘေးလွတ်ရာသို့ ယာယီနေရပ်စွန့်ခွာခဲ့ရသည်။

တပ်မတော် စစ်ကြောင်းများအနေဖြင့် ကော့ကရိတ်မြို့နှင့် နယ်မြေခံတပ်ရင်းဌာနချုပ်များ ရန်သူ့လက်သို့ ကျရောက်ခြင်းမရှိစေရေးအတွက် မိမိတို့၏ အသက်ကို ပဓာနမထားဘဲ သစ္စာ(၄)ချက် ရှုတ်ဆိုကြသည့် တပ်မတော်သားကောင်းရတနာများပီပီ မဆုတ်မနစ်သော ဖွဲ၊ လုံ့လ၊ ဝီရိယဖြင့် ရှပ်ရှပ်ချုံချုံဖြင့် မြို့တွင်းခုခံစစ်မှ တန်ပြန်တိုက်စစ်ဖြင့် တိုက်ခိုက်ခဲ့ရာ ဧပြီ ၁၉ ရက်မှ ၂၂ ရက်အထိ တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများသည် အထိအခိုက်အကျအဆုံးများစွာ ဖရိုဖရဲ ပြန်လည်ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ထိုသို့ ဆုတ်ခွာထွက်ပြေးသွားပြီးနောက် KNU၊ KNLA လက်နက်ကိုင် အကြမ်းဖက် သောင်းကျန်းသူများသည် NCA လက်မှတ်ရေးထိုးပြီးနောက် နှစ်ဖက် နားလည်မှုဖြင့် ခွင့်ပြုပေးထားသည့် မြန်မာ-ထိုင်း နယ်စပ်အနီး ၎င်းတို့အဖွဲ့အစည်း နေထိုင်သည့် နေရာများ၌ ပြည်တွင်းမှ နိုင်ငံရေး အရောင်ဆိုးခံရခြင်းအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ကရင်ပြည်နယ်နှင့် ထိုင်းနယ်စပ်အနီးသို့ ထွက်ပြေးရောက်ရှိလာသည့် ကျောင်းသား လူငယ်များအားလုံးအား နိုင်ငံရေး၊ စစ်ရေး မက်လုံးများပေးလျက် သွေးကြွစေပြီး အဆိုပါလူငယ်များအား အကြမ်းဖက်သင်ခန်းစာ သင်ကြားပေးခြင်း၊ လက်နက်တပ်ဆင်ပေးခြင်းစသည့် အခွင့်အရေးများ အပြည့်အဝ ရယူအသုံးချကာ KNU ၊ KNLA အဖွဲ့၏ အင်အားတိုးပွား တောင့်တင်းခိုင်မာစေရေးနှင့် KNU ၊ KNLA အဖွဲ့၏ ရှေ့ကာတပ်အဖြစ် အသေခံ အသုံးချခြင်းစသည့် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားသည့် PDF အကြမ်းဖက်ပူးပေါင်းအဖွဲ့များ ပူးပေါင်းလျက် ၎င်းတို့၏ စစ်ရေး ရည်မှန်းချက်များအား ပြန်လည်အကောင်အထည်ဖော်ရန်အတွက် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတွင် အဓိကအချက်အချာကျသည့်

စာမျက်နှာ ၈ သို့ ❖

❖ စာမျက်နှာ ၇ မှ

ဘားအံ - ကျုံဒိုး - ကော့ကရိတ် - မြဝတီ အာရှလမ်းမကြီးနှင့် ကျုံဒိုးမြို့နှင့် ကော့ကရိတ်မြို့အား အပြီးအပိုင် သိမ်းပိုက်နိုင်ရေး ၂၀၂၅ ခုနှစ် ဧပြီ ၁၃ ရက်မှစ၍ သာလွန်အင်အားများဖြင့် လမ်းကြောင်း ငါးကြောင်းဖြစ်သည့် **အောက်ဘိုတဲ - ရန်ကုတ် - ကော့ကရိတ် လမ်းကြောင်း၊ အောက်ဘိုတဲ - မြပတိုင်- အုန်းတပင်- အင်းကြီး- ကျုံဒိုးလမ်းကြောင်း၊ မိကလုံ-နောင်တမံ-တာဝါလဲ- နွားခြံကုန်း - ကျုံဒိုးလမ်းကြောင်း၊ တောင်ကြာအင်း - မြောက်ကြာအင်း- ကိုးတိုင်- ငါးတိုင် - လေးတိုင်လမ်းကြောင်း၊ စက္ကဝက်- အောင်လှိုင်- တမိုင်ကုန်း- ကော့ကရိတ်လမ်းကြောင်းများ**ဖြင့် ထပ်မံဝင်ရောက်လာပြီး ကျုံဒိုး- ကော့ကရိတ်-မြဝတီ အာရှလမ်းမကြီးအား ပိတ်ဆို့ပြီး ကျုံဒိုးမြို့နှင့် ကော့ကရိတ်မြို့တို့အား အပြင်းအထန် တိုက်ခိုက်လာခဲ့သည်။ ထိုသို့ ပိတ်ဆို့တိုက်ခိုက်မှုများကြောင့် ဒေသတွင်း ကုန်စည်စီးဆင်းမှု ရပ်တန့်သွားခဲ့ပြီး အဆိုပါ ဒေသရှိ ဒေသခံ တိုင်းရင်းသားပြည်သူများသည် ကုန်ဈေးနှုန်းကြီးမြင့်မှုများကို ရင်ဆိုင်ကြုံတွေ့ခဲ့ရကာ နေထိုင်စားသောက်ရေးတို့တွင် များစွာအခက်အခဲ ဖြစ်ပေါ်ခဲ့ကာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုများ နိမ့်ကျခဲ့ရကြောင်း သိရှိရသည်။

ထိုသို့ **KNU၊ KNLA နှင့် PDF** အကြမ်းဖက် ပူးပေါင်းအဖွဲ့များ နှောင့်ယှက် ပိတ်ဆို့ထားသည့် လမ်းကြောင်းများအား ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် မော်တော်ယာဉ်များ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲသွားလာနိုင်ရေးအတွက် ၂၀၂၅ ခုနှစ် ဧပြီ ၁၃ ရက်မှစ၍ တပ်မတော်စစ်ကြောင်းများက တပ်မတော်၏ အစဉ်အလာကောင်းများနှင့်အညီ လေ့ခွက်ချည်းကျန် အလံမလဲသည့် စိတ်ဓာတ်၊ တုံးတိုက်တိုက် ကျားကိုက်ကိုက် စိတ်ဓာတ်၊ တစ်ဗိုလ်ကျ တစ်ဗိုလ်တက် စိတ်ဓာတ်တို့ဖြင့် ကျုံဒိုး- ကော့ကရိတ်ကြားတွင် အဖျက်အမှောင့် လုပ်ငန်းများ လုပ်ဆောင်နေသည့် အကြမ်းဖက် သောင်းကျန်းသူများကို ရဲရဲတက်၊ ရဲရဲတိုက်၊ ရဲရဲချေမှုန်းခဲ့ရာ စစ်ဆင်ရေးကာလ သုံးလကျော်အတွင်း အကြမ်းဖက် သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး ခုနစ်ကြိမ်၊ ထိတွေ့တိုက်ပွဲ ၈၅ ကြိမ် ဖြစ်ပွားခဲ့ပြီး ရန်သူခေါင်းဆောင်ပိုင်းအချို့ ပြင်းထန်စွာ ဒဏ်ရာရရှိခြင်း အပါအဝင် ရန်သူထံမှ အလောင်း ၁၇ လောင်း၊ လက်နက်မျိုးစုံ အလက် ၃၀ နှင့် ဆက်စပ်ပစ္စည်းများအား သိမ်းပိုက်ရရှိခဲ့ပြီး တပ်မတော်သားအချို့ ထိခိုက်ကျဆုံးခဲ့ပြီး ယနေ့ဇူလိုင် ၂၄ ရက်တွင် ကျုံဒိုး- ကော့ကရိတ်လမ်းကြောင်းတစ်လျှောက်အား ပြန်လည်ထိန်းချုပ် ဖွင့်လှစ်နိုင်ခဲ့ကာ ၎င်းတို့၏ စစ်ရေးရည်မှန်းချက်ကို တပ်မတော်က အပြီးတိုင် ရိုက်ချိုးနိုင်ခဲ့သည်။

အကြမ်းဖက် သောင်းကျန်းသူများ အနေဖြင့် ဖရိုဖရဲဖြင့် ဆုတ်ခွာထွက်ပြေးစဉ် ဆောင်ရွက်နေကျဖြစ်သည့် အဖျက်အမှောင့် လုပ်ငန်းများအား နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်ခဲ့ပြီး မော်တော်ယာဉ်များအား မီးရှို့ဖျက်ဆီးခြင်း၊ ကားလမ်းများပေါ်၌ သစ်ပင်၊ သစ်ကိုင်းများဖြင့် ကန့်လန့်ဖြတ် ပိတ်ဆို့ခြင်း၊ ကျုံဒိုးမြို့နှင့် ကော့ကရိတ်မြို့ကြားရှိ ညီညာသာလင်း တံတားနှင့် ၅ တိုင်တံတားအပါအဝင် အခြားလမ်း၊ တံတားများအား မိုင်းခွဲဖျက်ဆီးခြင်းများ လုပ်ဆောင်ခဲ့ကြောင်း တွေ့ရှိရသည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများက အဆိုပါလမ်းမကြီးတစ်လျှောက်တွင် ဒေသခံပြည်သူများ၊ ခရီးသွားပြည်သူများ၊ ကုန်စည်ပို့ဆောင်သည့် မော်တော်ယာဉ်များ၊ ခရီးသွားမော်တော်ယာဉ်များ ဘေးကင်းစွာဖြင့် ပုံမှန်အတိုင်း ပြန်လည်သွားလာနိုင်ရေး၊ အကြမ်းဖက်သောင်းကျန်းသူများ ဖောက်ခွဲဖျက်ဆီးခဲ့သည့် လမ်း၊ တံတားများအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများနှင့် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး မြဝတီမှတစ်ဆင့် အာရှလမ်းမကြီး ပုံမှန်ပြန်လည်ဖွင့်လှစ်နိုင်ရေး ကျန်ရှိနေသည့် လမ်းပိုင်းအချို့အား အမြန်ဆုံး ဆက်လက်ရှင်းလင်းနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်းသိရပြီး ကျုံဒိုး-ကော့ကရိတ်မြို့များ၏ ဒုတိယအကြိမ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်ဝန်းကျင်ကျေးရွာများအား တရားဥပဒေစိုးမိုးရေး၊ နယ်မြေတည်ငြိမ်ရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများကိုလည်း တစ်ပြိုင်တည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



KNU၊ KNLA နှင့် PDF အကြမ်းဖက်သမားများက ဟိန္ဒူဘုရားရှိခိုးကျောင်းအား ဖျက်ဆီးခဲ့မှု မှတ်တမ်းဓာတ်ပုံ။



KNU၊ KNLA နှင့် PDF အကြမ်းဖက်သမားများက လူနေအိမ်များအား ဖျက်ဆီးခဲ့မှု မှတ်တမ်းဓာတ်ပုံ။



KNU ၊ KNLA နှင့် PDF အကြမ်းဖက်သမားများက ဖရိုဖရဲဖြင့် ဆုတ်ခွာထွက်ပြေးစဉ် ကျုံဒိုး-ကော့ကရိတ် လမ်းကြောင်းပေါ်၌ သစ်ပင်၊ သစ်ကိုင်းများဖြင့် ပိတ်ဆို့ထားရှိမှုများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖယ်ရှားရှင်းလင်းနေမှု မှတ်တမ်းဓာတ်ပုံ။



KNU ၊ KNLA နှင့် PDF အကြမ်းဖက်သမားများက ကျုံဒိုး-ကော့ကရိတ် လမ်းကြောင်းတွင် ပိတ်ဆို့နေရာယူထားမှု မှတ်တမ်းဓာတ်ပုံ။



KNU၊ KNLA နှင့် PDF အကြမ်းဖက်သမားများက ဖရိုဖရဲဆုတ်ခွာထွက်ပြေးစဉ် သစ်ပင်များခုတ်လှဲ၍ လမ်းပိတ်ဆို့ထားမှု မှတ်တမ်းဓာတ်ပုံ။



KNU ၊ KNLA နှင့် PDF အကြမ်းဖက်သမားများက ဖရိုဖရဲဖြင့် ဆုတ်ခွာထွက်ပြေးစဉ် ညီညာသာလင်းတံတားအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှု မှတ်တမ်းဓာတ်ပုံ။



KNU၊ KNLA နှင့် PDF အကြမ်းဖက်သမားများက ဖရိုဖရဲဆုတ်ခွာထွက်ပြေးစဉ် သစ်ပင်များခုတ်လှဲ၍ လမ်းပိတ်ဆို့ထားမှု မှတ်တမ်းဓာတ်ပုံ။



KNU၊ KNLA နှင့် PDF အကြမ်းဖက်သမားများက လူနေအိမ်များအောက်တွင် ခံစစ်ပြင်ဆင်ထားရှိမှု မှတ်တမ်းဓာတ်ပုံ။

# မြန်မာစံချိန်စံညွှန်းများပြင်ဆင်သတ်မှတ်ခြင်း

အမျိုးသားစံချိန်စံညွှန်းကောင်စီသည် စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၃၃၊ ပုဒ်မခွဲ(ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပုဒ်မ ၅၊ ပုဒ်မခွဲ(ခ)ပါ လုပ်ငန်းတာဝန်များအရ အမျိုးသားစံချိန်စံညွှန်းကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် (၃၄/၂၀၁၈)၊ (၀၂၂/၂၀၁၉)၊ (၁၄၉/၂၀၁၉)၊ (၀၆၆/၂၀၂၀)၊ (၀၉၁/၂၀၂၂)၊ (၁၅၀/၂၀၂၂)၊ (၀၃၃/၂၀၂၄)တို့ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် မြန်မာစံချိန်စံညွှန်းများအနက် စံချိန်စံညွှန်း (၂၂၃)ခုကို International Standards များနှင့်အညီ Update ပြုလုပ်ထားသော အောက်ဖော်ပြပါစံချိန်စံညွှန်း(၂၀၉)ခုအား မြန်မာစံချိန်စံညွှန်းများအဖြစ် ပြင်ဆင်သတ်မှတ်လိုက်သည် -

| စဉ် | မြန်မာစံချိန်စံညွှန်းများ |
| --- | --- |
| ၁။ | MMS IEC 60034-1:2022 လည်ပတ်လှုပ်ရှားဆောင်ရွက်သည့် လျှပ်စစ်စက်ပစ္စည်းများ- အပိုင်း(၁)-စံနှုန်းသတ်မှတ်မှုနှင့်စွမ်းဆောင်ရည် |
| ၂။ | MMS IEC 60034-2-1:2024 လည်ပတ်သည့်လျှပ်စစ်စက်ပစ္စည်းများ-အပိုင်း (၂-၁)- စမ်းသပ်ခြင်းမှ ပျောက်ဆုံးမှုနှင့် စွမ်းရည်ရှိမှု ဆုံးဖြတ်ခြင်းအတွက် စံချိန်စံညွှန်း နည်းလမ်းများ (ဆွဲငင်ယာဉ်များအတွက် စက်မပါ) |
| ၃။ | MMS IEC 60086-1:2021+COR1:2022 တစ်ခါသုံးဓာတ်ခဲများ - အပိုင်း(၁) - အထွေထွေ |
| ၄။ | MMS IEC 60086-2:2021+COR1:2022 တစ်ခါသုံးဓာတ်ခဲများ - အပိုင်း(၂) - သွင်ပြင်နှင့် လျှပ်စစ်ဆိုင်ရာသတ်မှတ်ချက်များ |
| ၅။ | MMS IEC 60227-1: 2024 သတ်မှတ်ဗို့အား ၄၅၀/၇၅၀ အထိရှိသော ပိုလီဗီနိုင်း ကလိုရိုက်လျှပ်ကာဝါယာကြိုးများ - အပိုင်း(၁)- အထွေထွေလိုအပ်ချက်များ |
| ၆။ | MMS IEC 60227-3: 2024 သတ်မှတ်ဗို့အား ၄၅၀/၇၅၀ အထိရှိသော ပိုလီဗီနိုင်း ကလိုရိုက်လျှပ်ကာဝါယာကြိုးများ - အပိုင်း(၃) - ပုံသေတပ်ဆင်ထားသော အခွံမာမပါသောဝါယာ |
| ၇။ | MMS IEC 60227-4: 2024 သတ်မှတ်ဗို့အား ၄၅၀/၇၅၀ အထိရှိသော ပိုလီဗီနိုင်း ကလိုရိုက်လျှပ်ကာဝါယာကြိုးများ - အပိုင်း(၄)- ပုံသေတပ်ဆင်ထားသော အခွံမာပါသောဝါယာ |
| ၈။ | MMS IEC 60227-5: 2024 သတ်မှတ်ဗို့အား၄၅၀/၇၅၀ ဗို့အားအထိ အသုံးပြုနိုင်သည့် ပိုလီဗီနိုင်း ကလိုရိုက်(ပီဗွီစီ) ဖုံးအုပ်ထားသောဝါယာကြိုးများ - အပိုင်း(၅) - ဝါယာကြိုးပျော့များ |
| ၉။ | MMS IEC 60227-7:2024 သတ်မှတ်ဗို့အား ၄၅၀/၇၅၀ ဗို့အားအထိ အသုံးပြုနိုင်သည့် ပိုလီဗီနိုင်း ကလိုရိုဒ်(ပီဗွီစီ) လျှပ်ကာကေဘယ်လ်များ - အပိုင်း(၇)- သတ်မှတ်ဗို့အား ၃၀၀/၅၀၀ ဗို့အားအထိ အသုံးပြုနိုင်သည့် သတ္တုအလွှာပါးပါနှင့် သတ္တုအလွှာပါးမပါသည့် လျှပ်ကူးနှစ်ကြိုး သို့မဟုတ် နှစ်ကြိုးထက် ပို၍ပါသော ကေဘယ်လ်ပျော့များ |
| ၁၀။ | MMS IEC 60228: 2023 လျှပ်ကာကေဘယ်လ်များ၏ လျှပ်ကူးပစ္စည်းများ |
| ၁၁။ | MMS IEC 60245-3:1994+AMD1:1997+AMD2:2011 သတ်မှတ်ဗို့အား ၄၅၀/၇၅၀ အထိရှိသော ရော်ဘာလျှပ်ကာဝါယာကြိုးများ - အပိုင်း(၃)- အပူခံဆီလီကွန် ဒြပ်ပေါင်း လျှပ်ကာဝါယာကြိုးများ |
| ၁၂။ | MMS IEC 60269-1:2024 ဗို့အားနိမ့်ဖျူးစ်များ - အပိုင်း(၁)- အထွေထွေလိုအပ်ချက်များ |
| ၁၃။ | MMS IEC 60269-2:2013+AMD1:2016+AMD2:2024 ဗို့အားနိမ့်ဖျူးစ်များ - အပိုင်း(၂)- သက်ဆိုင်ရာ ဆောင်ရွက်ခွင့်ရှိသူများသာ လုပ်ကိုင်ရမည့်ဖျူးစ်များအတွက် ထပ်မံဖြည့်စွက်လိုအပ်ချက်များ (စက်မှုလုပ်ငန်းတွင် အဓိကအသုံးပြုသည့် ဖျူးစ်များ) A မှ K အထိ ဖျူးစ်များ၏ စံသတ်မှတ်ထားသည့်စနစ်ဥပမာများ |
| ၁၄။ | MMS IEC 60269-3:2024 ဗို့အားနိမ့်ဖျူးစ်များ - အပိုင်း(၃)- သာမန်ဆောင်ရွက်သူများသာ လုပ်ကိုင်ရမည့် ဖျူးစ်များအတွက် ထပ်မံဖြည့်စွက်လိုအပ်ချက်များ (နေအိမ် သို့မဟုတ် အလားတူနေရာများတွင် အဓိကအသုံးပြုသည့်ဖျူးစ်များ) A မှ F အထိဖျူးစ်များ၏ စံသတ်မှတ်ထားသည့် စနစ်ဥပမာများ |
| ၁၅။ | MMS IEC 60269-4:2024 ဗို့အားနိမ့်ဖျူးစ်များ- အပိုင်း(၄)- တစ်ပိုင်းလျှပ်ကူးပစ္စည်းများ၏ အကာအကွယ်ပြုဖျူးစ်-လင့်ခ်များအတွက်ထပ်မံဖြည့်စွက်လိုအပ်ချက်များ |
| ၁၆။ | MMS IEC 60320-1:2021 အိမ်သုံးနှင့် အလားတူ အထွေထွေအသုံးပြုခြင်းများအတွက် ဆက်သွယ်ခေါင်းပါသွယ်ကြိုး - အပိုင်း(၁) - အထွေထွေလိုအပ်ချက်များ |
| ၁၇။ | MMS IEC 60335-1:2020 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ-အန္တရာယ်ကင်းရှင်းရေး- အပိုင်း(၁)-အထွေထွေလိုအပ်ချက်များ |
| ၁၈။ | MMS IEC 60335-2-2:2019 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ - အန္တရာယ်ကင်းရှင်းရေး- အပိုင်း(၂-၂)- ဖုန်စုပ်စက်နှင့်ရေစုပ်ယူသည့် သန့်ရှင်းရေးပစ္စည်းများအတွက် သီးခြားလိုအပ်ချက်များ |
| ၁၉။ | MMS IEC 60335- 2-3:2022 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ-အန္တရာယ်ကင်းရှင်းရေး- အပိုင်း (၂-၃) - လျှပ်စစ်မီးပူများအတွက် သီးခြားလိုအပ်ချက်များ |
| ၂၀။ | MMS IEC 60335-2-4:2023 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ - အန္တရာယ်ကင်းရှင်းရေး- အပိုင်း (၂-၄) - အဝတ်ညှစ်စက်ဆိုင်ရာ သီးခြားလိုအပ်ချက်များ |
| ၂၁။ | MMS IEC 60335-2-6:2024 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ - အန္တရာယ်ကင်းရှင်းရေး- အပိုင်း(၂-၆)- လုပ်ငန်းသုံးမီးဖိုများ၊ အပူပြားမီးဖိုများ၊ အလုံပိတ်မီးဖိုများနှင့် အလားတူ လျှပ်စစ်ပစ္စည်းများအတွက် သီးခြားလိုအပ်ချက်များ |
| ၂၂။ | MMS IEC 60335-2-7:2024 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ - အန္တရာယ်ကင်းရှင်းရေး- အပိုင်း(၂-၇) - အဝတ်လျှော်စက်ဆိုင်ရာ သီးခြားလိုအပ်ချက်များ |
| ၂၃။ | MMS IEC 60335-2-8: 2022 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ - အန္တရာယ်ကင်းရှင်းရေး- အပိုင်း(၂-၈)- မုတ်ဆိတ်ရိတ်စက်၊ ဆံပင်ရိတ်စက်နှင့် အလားတူလျှပ်စစ်ပစ္စည်းများအတွက် သီးခြားလိုအပ်ချက်များ |
| ၂၄။ | MMS IEC 60335-2-11:2024 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ - အန္တရာယ်ကင်းရှင်းရေး- အပိုင်း(၂-၁၁)- အဝတ်အခြောက်ခံစက်အတွက် သီးခြားလိုအပ်ချက်များ |
| ၂၅။ | MMS IEC 60335-2-12:2024 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ - အန္တရာယ်ကင်းရှင်းရေး- အပိုင်း(၂-၁၂) - အစားအသောက်နွေးဖို့နှင့် အလားတူ လျှပ်စစ်ပစ္စည်းများဆိုင်ရာ သီးခြားလိုအပ်ချက်များ |
| ၂၆။ | MMS IEC 60335-2-13:2021 အိမ်သုံးနှင့်အလားတူလျှပ်စစ်ပစ္စည်းများ- အန္တရာယ်ကင်းရှင်းရေး- အပိုင်း (၂-၁၃)-လျှပ်စစ်ဆီကြော်အိုးများ၊ လျှပ်စစ်ဒယ်အိုးများနှင့် အလားတူပစ္စည်းများဆိုင်ရာ သီးခြားလိုအပ်ချက်များ |
| ၂၇။ | MMS IEC 60335-2-15:2024 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ-အန္တရာယ်ကင်းရှင်းရေး- အပိုင်း(၂-၁၅) - အရည်များအပူပေးသော ပစ္စည်းကိရိယာများအတွက် သီးခြားလိုအပ်ချက်များ |
| ၂၈။ | MMS IEC 60335-2-21: 2022 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ-အန္တရာယ်ကင်းရှင်းရေး- အပိုင်း(၂-၂၁) - ရေပူစက်များအတွက် သီးခြားလိုအပ်ချက်များ |
| ၂၉။ | MMS IEC 60335-2-23:2016+AMD1:2019 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ-အန္တရာယ်ကင်းရှင်းရေး- အပိုင်း(၂-၂၃)- အသားအရေ သို့မဟုတ် ဆံပင်ပြုစုထိန်းသိမ်းခြင်း ပစ္စည်းကိရိယာများအတွက် သီးခြားလိုအပ်ချက်များ |
| ၃၀။ | MMS IEC 60335-2-24:2020 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ- အန္တရာယ်ကင်းရှင်းရေး- အပိုင်း(၂-၂၄) - အအေးပေးသည့်ပစ္စည်းများ၊ ရေခဲမုန့်နှင့် ရေခဲပြုလုပ်သည့် စက်ပစ္စည်းများဆိုင်ရာ သီးခြားလိုအပ်ချက်များ |
| ၃၁။ | MMS IEC 60335-2-25:2024 အိမ်သုံးနှင့်အလားတူလျှပ်စစ်ပစ္စည်းများ - အန္တရာယ်ကင်းရှင်းရေး- အပိုင်း(၂-၂၅)- မိုက်ခရိုဝေ့ဖ်မီးဖိုများဆိုင်ရာ သီးခြားလိုအပ်ချက်များ |
| ၃၂။ | MMS IEC 60335-2-26:2024 အိမ်သုံးနှင့်အလားတူ လျှပ်စစ်ပစ္စည်းများ-အန္တရာယ်ကင်းရှင်းရေး- အပိုင်း (၂-၂၆) - နာရီများအတွက် သီးခြားလိုအပ်ချက်များ |
| ၃၃။ | MMS IEC 60335-2-28: 2021 အိမ်သုံးနှင့်အလားတူလျှပ်စစ်ပစ္စည်းများ-အန္တရာယ်ကင်းရှင်းရေး- အပိုင်း (၂-၂၈)- အပ်ချုပ်စက်များအတွက် သီးခြားလိုအပ်ချက်များ |
| ၃၄။ | MMS IEC 60335-2-29:2016+AMD1:2019 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ- အန္တရာယ်ကင်းရှင်းရေး- အပိုင်း(၂-၂၉)- ဘတ္တရီအားသွင်းစက်များအတွက် သီးခြားလိုအပ်ချက်များ |
| ၃၅။ | MMS IEC 60335-2-31: 2024 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ - အန္တရာယ်ကင်းရှင်းရေး- အပိုင်း (၂-၃၁) - မီးဖိုတွဲများနှင့် အခြားချက်ပြုတ် ငွေ့စုပ်စက်များအတွက် သီးခြားလိုအပ်ချက်များ |
| ၃၆။ | MMS IEC 60335-2-34:2024 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ - အန္တရာယ်ကင်းရှင်းရေး- အပိုင်း(၂-၃၄)- မော်တာ-ကွန်ပရက်ဆာဆိုင်ရာ သီးခြားလိုအပ်ချက်များ |
| ၃၇။ | MMS IEC 60335-2-35:2012+AMD1:2016+AMD2:2020 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ- အန္တရာယ်ကင်းရှင်းရေး - အပိုင်း(၂-၃၅) - အပူမြန်ရေပူပေးကိရိယာဆိုင်ရာ သီးခြားလိုအပ်ချက်များ |
| ၃၈။ | MMS IEC 60335-2-36:2021 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ -အန္တရာယ်ကင်းရှင်းရေး- အပိုင်း(၂-၃၆)- စီးပွားရေးလုပ်ငန်းသုံးလျှပ်စစ်မီးဖိုတွဲများ၊ ပေါင်းဖိုများ၊ မီးဖိုများနှင့်မီးဖို၏ အပူထုတ်အစိတ်အပိုင်းများဆိုင်ရာ သီးခြားလိုအပ်ချက်များ |
| ၃၉။ | MMS IEC60335-2-40 :2024 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ-အန္တရာယ်ကင်းရှင်းရေး- အပိုင်း(၂-၄၀)-လျှပ်စစ်အပူပေးပန့်၊ လေအေးပေးစက်နှင့် စိုထိုင်းမှုထိန်းညှိပစ္စည်းကိရိယာများအတွက် သီးခြားလိုအပ်ချက်များ |
| ၄၀။ | MMS IEC 60335-2-41:2024 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ-အန္တရာယ်ကင်းရှင်းရေး- အပိုင်း (၂-၄၁)-ပန့်များအတွက် သီးခြားလိုအပ်ချက်များ |
| ၄၁။ | MMS IEC 60335-2-43:2024 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ-အန္တရာယ်ကင်းရှင်းရေး- အပိုင်း(၂-၄၃) - အဝတ်စထည်ခြောက်သွေ့စက်နှင့်ပစ္စည်းကိရိယာများအတွက် သီးခြားလိုအပ်ချက်များ |
| ၄၂။ | MMS IEC 60335-2-44:2021 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ-အန္တရာယ်ကင်းရှင်းရေး- အပိုင်း (၂ - ၄၄) - အဝတ်ပြန့်ကိရိယာများအတွက် သီးခြားလိုအပ်ချက်များ |
| ၄၃။ | MMS IEC 60335-2-45:2024 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ -အန္တရာယ်ကင်းရှင်းရေး- အပိုင်း (၂-၄၅) - သယ်ဆောင်နိုင်သော အပူပေးကိရိယာနှင့် အလားတူလျှပ်စစ်ပစ္စည်းများအတွက် သီးခြားလိုအပ်ချက်များ |
| ၄၄။ | MMS IEC 60335-2-52:2021 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ - အန္တရာယ်ကင်းရှင်းရေး- အပိုင်း(၂-၅၂) - သွားနှင့်ခံတွင်းကျန်းမာရေးဆိုင်ရာ လျှပ်စစ်ပစ္စည်းများအတွက် သီးခြားလိုအပ်ချက်များ |
| ၄၅။ | MMS IEC 60335-2-55:2021 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ - အန္တရာယ်ကင်းရှင်းရေး- အပိုင်း(၂-၅၅) - ငါးမွေးကန်နှင့်ဥယျာဉ်သုံးရေကန်များတွင်အသုံးပြုသည့် လျှပ်စစ်ပစ္စည်းများအတွက် သီးခြားလိုအပ်ချက်များ |
| ၄၆။ | MMS IEC 60335-2-65:2023 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ - အန္တရာယ်ကင်းရှင်းရေး- အပိုင်း(၂-၆၅)- လေသန့်စင်သည့်ပစ္စည်းများအတွက် သီးခြားလိုအပ်ချက်များ |
| ၄၇။ | MMS IEC 60335-2-73:2024 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ - အန္တရာယ်ကင်းရှင်းရေး- အပိုင်း(၂-၇၃)- အထိုင်ချတပ်ဆင်ထားသော နှစ်မြှုပ်အပူပေးကိရိယာများဆိုင်ရာ သီးခြားလိုအပ်ချက်များ |
| ၄၈။ | MMS IEC 60335-2-74:2021 အိမ်သုံးနှင့် အလားတူလျှပ်စစ်ပစ္စည်းများ - အန္တရာယ်ကင်းရှင်းရေး- အပိုင်း(၂-၇၄)-ရွှေ့ပြောင်းသယ်ယူနိုင်သည့် ရေတိုင်ကီအတွင်း နှစ်မြှုပ်အပူပေးကိရိယာများအတွက် သီးခြားလိုအပ်ချက်များ |

(ဆက်လက်ဖော်ပြပါမည်)

# ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မန္တလေးတိုင်းဒေသကြီး ပိုက်ကျော်ခြင်းအသင်းမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် ပြိုင်ပွဲဝင်အားကစားသမားများကို တွေ့ဆုံအားပေး၍ ထောက်ပံ့ချီးမြှင့်ငွေများ ပေးအပ်

**မန္တလေး ဇူလိုင် ၂၄**

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မန္တလေးတိုင်းဒေသကြီး ပိုက်ကျော်ခြင်းအသင်းအား တွေ့ဆုံအားပေး ထောက်ပံ့ချီးမြှင့်ငွေများ ပေးအပ်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ချမ်းအေးသာစံမြို့နယ်၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနရှိ ဗထူး အားကစားရုံးတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်၊ တိုင်းဒေသကြီးပိုက်ကျော်ခြင်း ဆပ်ကော်မတီနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ပိုက်ကျော်ခြင်းအသင်းမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

အခမ်းအနား၌ လူမှုရေးရာဝန်ကြီးက တွေ့ဆုံအားပေးစကားများ ပြောကြား၍ ပြိုင်ပွဲဝင်အသင်းအတွက် ထောက်ပံ့ချီးမြှင့်ငွေများ ပေးအပ်ခဲ့ပြီးနောက် တာဝန်ရှိသူများ၊ အုပ်ချုပ်သူ၊ နည်းပြများက ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ရာ လူမှုရေးရာဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း နှင့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဇူလိုင် ၃၀ ရက်မှ သြဂုတ်လ ၇ ရက်အထိ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ပုသိမ်မြို့သို့ သွားရောက် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၄)**

၀-၀-၀-၀






# (၁၀)တန်းသွား မျိုးစေ့ချစက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲ ကျင်းပ

**မြစ်သား ဇူလိုင် ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် ဒေသခံတောင်သူများ လယ်ယာသုံးစက်ကိရိယာများကို တွင်ကျယ်စွာ အသုံးပြုလာစေရေး၊ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ အသွင်ကူးပြောင်းဆောင်ရွက်နိုင်ရေး၊ လုပ်သားအင်အားရှားပါးမှု ပြဿနာဖြေရှင်းပေးနိုင်ရေး၊ အချိန်တိုအတွင်း စိုက်ဧကများစွာ စိုက်ပျိုးနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ရရှိစေရန် ရည်ရွယ်၍ စက်မှုလယ်ယာဦးစီးဌာနမှ (၁၀)တန်းသွား မျိုးစေ့ချစက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက မြစ်သားမြို့နယ် သပြေတောင်းကျေးရွာအုပ်စု၊ ခတက္ကုန်းကျေးရွာ ကွင်းအမှတ် (၅၃၃)၊ ဦးပိုင်အမှတ်(င)(၃၄)ရှိ ဒေသခံတောင်သူ ဦးဌေးကြိုင်၏ လယ်မြေ(၆)ဧကတွင် ဧရာပဒေသာ စပါးမျိုးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲ ကျင်းပသည်။



ရှေးဦးစွာ စက်မှုလယ်ယာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးရားကိုင်ထန်းက (၁၀)တန်းသွား မျိုးစေ့ချစက်အသုံးပြု၍ စိုက်ပျိုးခြင်းဖြင့် ရရှိလာသည့် အကျိုးကျေးဇူးများ၊ စက်မှုပိုင်းဆိုင်ရာ အချက်အလက်များနှင့် စိုက်ပျိုးရာတွင် သတိပြုလိုက်နာရမည့်အချက်များကို တောင်သူများအား အကျယ်တဝင့် ရှင်းလင်း ဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါ (၁၀)တန်းသွား မျိုးစေ့ချစက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲသို့ မြစ်သားမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းအောင်၊ မြို့နယ်စိုက်ပျိုးရေး ညှိနှိုင်းရေးအဖွဲ့ဝင်များ ၊ မြစ်သားမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု (၁၀)အုပ်စုမှ ဒေသခံတောင်သူ ၅၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**မြစ်သားမြို့နယ်(ပြန်/ဆက်)**

# အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား UID( Unique Identity) (ခေါ်) Smart Card များဆောင်ရွက်ပေး

**စဥ့်ကိုင် ဇူလိုင် ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဥ့်ကိုင်မြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးညဏ်စိုးနှင့် ဝန်ထမ်းများသည် အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများ ပင်စင်ဘဏ်ထုတ်ရာတွင် ပိုမိုလွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ရန်၊ UID နံပါတ်များကို ရယူပြီး မြန်မာ့စီးပွားရေးဘဏ်၏ Centralized e-Pension အစီအစဉ်တွင် ထည့်သွင်းနိုင်ရန် UID(Unique Identity) (ခေါ်) Smart Card များဆောင်ရွက်ပေးခြင်းကို ယနေ့နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးညဏ်စိုးနှင့် ဝန်ထမ်းများက ဇီဝဆိုင်ရာအချက်အလက်များ (Biometric Data) စိစစ်ကောက်ယူခြင်း၊ လက်ဗွေများအား Scan ဖတ်ခြင်းနှင့် လိုအပ်သည့် ကိုယ်ရေးအချက်အလက်များ ထည့်သွင်းခြင်းတို့ ပြုလုပ်ခဲ့ပြီး UID(Unique Identity) နံပါတ်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး၊ မြန်မာ့စီးပွားရေးဘဏ်နှင့် ရပ်ကွက်၊ ကျေးရွာများတွင် အိမ်တိုင်ရာရောက် ထုတ်ပေးလျက်ရှိသည်။

စဥ့်ကိုင်မြို့နယ်အနေဖြင့် အငြိမ်းစား နိုင်ငံ့ဝန်ထမ်းဦးရေ (၁၅၅၁)ဦးရှိပြီး ယနေ့တွင် (၄၀၀)ဦး ထုတ်ပေးနိုင်ခဲ့ပြီး ကျန်ရှိသည့် အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများကိုလည်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း လူဝန်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ သိရသည်။

**(အောက်ပုံ)**

**ကျော်စွာ(စဥ့်ကိုင်)**





# သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေး အသင့်ဖွဲ့စည်းထား

**ပုသိမ်ကြီး ဇူလိုင် ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ကြိုတင်ကာကွယ်ရေးအနေဖြင့် အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်နိုင်ရန် ဇူလိုင် ၂၃ ရက် မွန်းလွဲ ၃ နာရီက မြို့နယ်မီးသတ်ဦးစီးဌာန၌ လူအင်အား၊ စက်ပစ္စည်းများဖြင့် အသင့်ပြင်ဆင် စုဖွဲ့ထားလျက်ရှိသည်။

အဆိုပါ အသင့်စုဖွဲ့ထားရှိရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေလင်းထွန်းက အမှာစကားပြောကြားပြီး၊ သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ၊ ကူညီဆောင်ရွက်နိုင်ရန် မြို့နယ်မီးသတ်ဦးစီးဌာနရှိ သန္နေတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မော်တော်ယာဉ်များ၊ Hydraulic Rescue Tools၊ အခြားစက်ပစ္စည်းကိရိယာများဖြင့် အသင့်ပြင်ဆင်စုဖွဲ့ကာ ဆောင်ရွက်ထားရှိသည်များအား ကြည့်ရှုခဲ့သည်။

အသင့်စုဖွဲ့ထားရှိရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနေလင်းထွန်း၊ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးမင်းသန့်နှင့် တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၀၉၅)**

**စာအုပ်စာပေ လူ့မိတ်ဆွေ။**

# နိုင်ငံတကာ အားကစား သတင်းများ



## စပိန်အသင်းက ဂျာမနီအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ယူပြီး ဗိုလ်လုပွဲအဆင့်တက်ရောက်

**လန်ဒန် ဇူလိုင် ၂၄**

၂၀၂၅ အမျိုးသမီး ယူရိုပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ် အဖြစ် ယနေ့ နံနက်ပိုင်းက ဂျာမနီအသင်းနှင့် စပိန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စပိန်အသင်းက ဂျာမနီအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရယူပြီး ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

စပိန်အသင်းနှင့် ဂျာမနီအသင်းတို့သည် ပွဲချိန်မိနစ် ၉၀ အထိ တစ်ဖက်နှင့်တစ်ဖက် ဂိုးသွင်းယူနိုင်ခဲ့ခြင်းမရှိသောကြောင့် အချိန်ပို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ အချိန်ပိုတွင် ဘွန်မာတီက စပိန်အသင်းအတွက် အဖိုးတန်သွင်းဂိုးတစ်ဂိုးကို သွင်းယူပြီး ဗိုလ်လုပွဲအဆင့်သို့ ရောက်ရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။

စပိန်အသင်းသည် ၂၀၂၅ အမျိုးသမီး ယူရိုပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် လာမည့် ဇူလိုင် ၂၇ရက်တွင် အင်္ဂလန်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည် ဖြစ်သည်။ **(အပေါ်ပုံ)**

**(NGB)**

## ဘာစီလိုနာအသင်းနှင့်အတူ အောင်မြင်မှုဆုဖလားများစွာ ရယူသွားမည်ဟု ရပ်ရှ်ဖို့ဒ် ပြောကြား

**ဘာစီလိုနာ ဇူလိုင် ၂၄**

ဘာစီလိုနာအသင်း တိုက်စစ်မှူးသစ် ရပ်ရှ်ဖို့ဒ်က လာမည့် ဘောလုံးရာသီသစ်တွင်အသင်းနှင့်အတူ အောင်မြင်မှု ဆုဖလားများစွာ ရယူသိမ်းပိုက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် လက်ရှိတွင် မန်ချက်စတာယူနိုက်တက်အသင်းမှ ဘာစီလိုနာအသင်းသို့ တစ်ရာသီအငှားစာချုပ်၊ ၂၀၂၆ နွေရာသီတွင် ယူရို ၃၅သန်းဖြင့် အပြီးသတ်ခေါ်ယူခွင့်ရှိသည့် စာချုပ်ဖြင့် ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သည်။

တိုက်စစ်မှူး ရပ်ရှ်ဖို့ဒ်သည် မန်ချက်စတာယူနိုက်တက်အသင်းနှင့်အတူ ၂၀၁၅-၂၀၁၆မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၂၆ပွဲကစားကာ ၁၃၈ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘာစီလိုနာအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၂၇)နှစ်အရွယ်ရှိ ရပ်ရှ်ဖို့ဒ်က "ဘာစီလိုနာအသင်းလို ကြီးကျယ်ခမ်းနားတဲ့အသင်းကို ပြောင်းရွှေ့ခွင့်ရလို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ကျွန်တော့်ကို နွေးထွေးစွာကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းနဲ့အတူ အောင်မြင်မှုဆုဖလားများစွာ ရယူသွားမှာပါ"ဟု ပြောသည်။ **(အောက်ပုံ)**

**(NGB)**

0-0-0-0-0




## အက်သလက်တီကိုမက်ဒရစ်အသင်း ပူဘီးလ်ကို ခေါ်ယူ

**မက်ဒရစ် ဇူလိုင် ၂၄**

အက်သလက်တီကိုမက်ဒရစ်အသင်းသည် အယ်လ်မီးရီးယားအသင်း နောက်ခံကစားသမား ပူဘီးလ်ကို ပြောင်းရွှေ့ကြေး ယူရိုသန်း ၂၀ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန် ကြေညာခဲ့သည်။ **(ယာပုံ)**



အသက်(၂၂)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် အက်သလက်တီကိုမက်ဒရစ်အသင်းနှင့်အတူ ငါးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့သည်။

နောက်ခံကစားသမား ပူဘီးလ်သည် အယ်လ်မီးရီးယားအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၆၃ပွဲ ကစားပြီးနှစ်ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အက်သလက်တီကိုမက်ဒရစ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အက်သလက်တီကိုမက်ဒရစ်အသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမား ခုနစ်ဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။ **(NGB)**

## အီဗန်ဖာဂူဆန် ရိုးမားအသင်းတွင် ကျောနံပါတ် (၁၁)ဂျာစီကို ဝတ်ဆင်ကစားသွားမည်

**လန်ဒန် ဇူလိုင် ၂၄**

တိုက်စစ်မှူးသစ် အီဗန်ဖာဂူဆန်သည် ရိုးမားအသင်းတွင် ကျောနံပါတ်(၁၁)ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အဆိုပါ တိုက်စစ်မှူးသည် လက်ရှိဈေးကွက်အတွင်းတွင် ဘရိုက်တန်အသင်းမှ ရိုးမားအသင်းသို့ အငှားဖြင့် ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သည်။

တိုက်စစ်မှူး အီဗန်ဖာဂူဆန်သည် ဘရိုက်တန်အသင်းနှင့်အတူ ၂၀၂၀-၂၀၂၂မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲ ၈၀ ကစားပြီး ၁၇ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ရိုးမားအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ရိုးမားအသင်းထုတ်ပြန်ချက်တွင် "အီဗန်ဖာဂူဆန် အသင်းမှာ ကျောနံပါတ် (၁၁)ဂျာစီကို ဝတ်ဆင်ကစားသွားမှာပါ။ အသင်းအနေနဲ့လည်း လက်ရှိဈေးကွက်အတွင်း ကစားသမားသစ်တွေ ခေါ်ယူအားဖြည့်သွားဦးမှာပါ"ဟု ထုတ်ပြန်သည်။ **(NGB)**




## ဘာပေ ရီးရဲလ်မက်ဒရစ်အသင်းတွင် ကျောနံပါတ် (၁၀)ဂျာစီကို ပြောင်းလဲဝတ်ဆင်ကစားမည်




**မက်ဒရစ် ဇူလိုင် ၂၄**

ရီးရဲလ်မက်ဒရစ်အသင်း၏ အဓိက တိုက်စစ်မှူး ဘာပေသည် လာမည့် ဘောလုံးရာသီအသစ်မှ စတင်ကာ ကျောနံပါတ် (၁၀)ဂျာစီကို ပြောင်းလဲဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အဆိုပါ တိုက်စစ်မှူးသည် ပြီးခဲ့သည့် ဘောလုံးရာသီက ကျောနံပါတ် (၉)ဂျာစီကို ဝတ်ဆင်ကစားခဲ့သော်လည်း လာမည့် ဘောလုံးရာသီမှ စတင်ကာ ကျောနံပါတ် (၁၀)ဂျာစီကို ပြောင်းလဲဝတ်ဆင်ကစားမည်ဖြစ်သည်။

တိုက်စစ်မှူး ဘာပေသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၅၉ပွဲကစားပြီး ၄၄ဂိုးအထိ သွင်းယူထားသည်။ **(ဝဲပုံ)**

အသက်(၂၆)နှစ်အရွယ်ရှိ ဘာပေက "ကျွန်တော် လာမယ့် ဘောလုံးရာသီမှ စတင်ကာ ကျောနံပါတ် (၁၀)ဂျာစီကို ပြောင်းလဲဝတ်ဆင်ကစားသွားမှာပါ။ ပြီးတော့ အသင်းနဲ့အတူ ဆုဖလားများစွာလည်း ရယူသိမ်းပိုက်သွားမှာပါ"ဟု ပြောသည်။ **(NGB)**

## အီကီတီတီအား ခြောက်နှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း လီဗာပူးအသင်းကြေညာ

**လီဗာပူး ဇူလိုင် ၂၄**

ပရီးမီးယားလိဂ်ကလပ် လီဗာပူးအသင်းသည် ဖရန့်ဖတ်အသင်းတိုက်စစ်မှူး အီကီတီတီအား ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၇၆သန်းဖြင့် ခြောက်နှစ်စာချုပ်ချုပ်ဆိုကာ ခေါ်ယူနိုင်ခဲ့ကြောင်းအတည်ပြု ကြေညာခဲ့သည်။




တိုက်စစ်မှူး အီကီတီတီသည် ဖရန့်ဖတ်အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၄၈ပွဲကစားပြီး ၂၂ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် လီဗာပူးအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။ **(ဝဲပုံ)**

လီဗာပူးအသင်းထုတ်ပြန်ချက်တွင် "အီကီတီတီအား ခြောက်နှစ် စာချုပ်ဖြင့် ခေါ်ယူခဲ့ပါပြီ။ သူ့အနေနဲ့လည်း အသင်းကို အောင်မြင်မှုတွေများစွာရရှိအောင် ရယူပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်"ဟု ထုတ်ပြန်သည်။

လီဗာပူးအသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ထိပ်သီးကစားသမားများစွာ ခေါ်ယူအားဖြည့်ထားနိုင်ခဲ့ပြီး စတာလင်ပေါင် သန်း ၃၀၀နီးပါးအထိ အသုံးပြုထားသည်။ **(NGB)**

## လွတ်ခ်မန်းအား ယူရို သန်း(၅၀)ရရှိလျှင် အတ္တလန်တာအသင်းက ရောင်းချမည်

**တူရင် ဇူလိုင် ၂၄**

စီးရီးအေကလပ် အတ္တလန်တာအသင်းသည် အသင်းတိုက်စစ်မှူး လွတ်ခ်မန်းအား ပြောင်းရွှေ့ကြေး ယူရို သန်း ၅၀ ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။ **(အောက်ပုံ)**

အသက်(၂၇)နှစ်အရွယ်ရှိ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာကခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။



တိုက်စစ်မှူး လွတ်ခ်မန်းသည် အတ္တလန်တာအသင်းနှင့်အတူ ၂၀၂၂- ၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၁၇ပွဲ ကစားပြီး ၅၂ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

ထို့ကြောင့် လက်ရှိဈေးကွက်အတွင်းတွင် လွတ်ခ်မန်းအား အတ္တလန်တာအသင်းမှ သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေး အတိုင်း မည်သည့်အသင်းက ခေါ်ယူသွားနိုင်မည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**

## 2025 Palermo Ladies Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ Anouk Koevermans တက်ရောက်

**တူရင် ဇူလိုင် ၂၄**

အီတလီနိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Palermo Ladies Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ နယ်သာလန်တင်းနစ်မယ် Anouk Koevermans တက်ရောက်ခဲ့သည်။

အဆိုပါ နယ်သာလန်တင်းနစ်မယ် Anouk Koevermans သည် 2025 Palermo Ladies Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် လတ်ဗီးယားတင်းနစ်မယ် Darja Semenistaja အား ၆-၂၊ ၁-၆၊ ၇-၅ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။



2025 Palermo Ladies Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် နယ်သာလန်တင်းနစ်မယ် Anouk Koevermans နှင့် စပိန်တင်းနစ်မယ် Kaitlin Quevedo တို့ ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

**(ဝဲပုံ)**

**(NGB)**

### အရှေ့တောင်အာရှ ချန်ပီယံရှစ်(ယူ-၂၃) ဘောလုံးပြိုင်ပွဲ (ဆီမီးဖိုင်နယ်)ပွဲစဉ်များ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၂၅-၇-၂၀၂၅ သောကြာနေ့ | မွန်းလွဲ ၃း၃၀နာရီ | ဗီယက်နမ် - ဖိလစ်ပိုင် |
| ။ | ညရ၇း၃၀နာရီ | အင်ဒိုနီးရှား - ထိုင်း |



# လယ်ယာ၊ သားငါးကဏ္ဍ ဖူလုံပိုလျှံရေးအတွက် အလေးထားကြိုးပမ်းဆောင်ရွက်သွားကြရန် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ပြောကြား

**မုံရွာ ဇူလိုင် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး၏ လယ်ယာ၊ သားငါးကဏ္ဍ ဖူလုံပိုလျှံရေးအတွက် တာဝန်ရှိသူများအား အလေးထားကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က တိုက်တွန်းပြောကြားသည်။

မိုးရာသီ စီမံကိန်းသီးနှံများ စိုက်ဧကပြည့်မီရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် အသားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၂ ရက် နံနက်ပိုင်းက မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင်ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က ထည့်သွင်းပြောကြားခြင်းဖြစ်သည်။**(အပေါ်ပုံ)**

"စစ်ကိုင်းတိုင်းဒေသကြီးဟာ စိုက်ပျိုးရေးကို အဓိကအားပြု လုပ်ကိုင်ကြတာနဲ့အညီ နှစ်စဉ်စိုက်ပျိုးလျက်ရှိတဲ့ သီးနှံမျိုးစုံ စိုက်ဧက လျာထားချက်ပြည့်မီရေးနဲ့ ပန်းတိုင်အထွက်နှုန်းရရှိရေးကို အားလုံးက ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြဖို့ လိုပါတယ်။ နိုင်ငံတော်အစိုးရရဲ့ စီမံလမ်းညွှန်မှုဖြစ်တဲ့ စိုက်ပျိုးသီးနှံတွေ လျာထားချက်အတိုင်း ပြည့်မီကျော်လွန်စွာ စိုက်ပျိုးနိုင်ဖို့၊ အဓိကသီးနှံတွေ ပန်းတိုင်အထွက်နှုန်းရရှိဖို့၊ သီးထပ်စွမ်းအားတိုးတက်စေရေးနဲ့ ကိန်းဂဏန်းအချက်အလက် မှန်ကန်စေရေးအတွက် ဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်ကြရမှာပါ။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လယ်ယာကဏ္ဍရဲ့ စားရေရိက္ခာ ဖူလုံရေးကြိုးစားဆောင်ရွက်နေသလို မွေးမြူရေးကဏ္ဍဖြစ်တဲ့ ကြက်၊ ဝက်၊ ဆိတ်၊ ငါး၊ နို့စား နွား၊ အသားစားနွား တိုးချဲ့မွေးမြူရေးအတွက် လိုအပ်တဲ့နည်းပညာ၊ မျိုး၊ တိရစ္ဆာန်အစာနှင့် သားပေါက်ထုတ်လုပ်တာကိုလည်း ဆောင်ရွက်ကြဖို့လိုပါတယ်။ လက်ရှိဖော်ထုတ်ပြီးစီးတဲ့မွေးမြူရေးဇုန်တွေကို စနစ်တကျ အဆင့်မြှင့်တင်တာနဲ့ မွေးမြူရေးဇုန် အသစ်ထပ်မံဖော်ထုတ် ဆောင်ရွက်သွားကြဖို့ လိုပါတယ်"ဟု ဝန်ကြီးချုပ်က ပြောကြားသည်။

အစည်းအဝေးသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မုံရွာခရိုင်၊ ယင်းမာပင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် ခရိုင်၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဝင်များ တက်ရောက်ကြပြီး တိုင်းဒေသကြီးအတွင်းရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကလေးခရိုင်၊ ကသာခရိုင်၊ ကောလင်းခရိုင်၊ ကန့်ဘလူခရိုင်၊ ခန္တီးခရိုင်၊ စစ်ကိုင်းခရိုင်၊ ရွှေဘိုခရိုင်၊ ရေဦးခရိုင်၊ မော်လိုက်ခရိုင်၊ ဟုမ္မလင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက Video Conferencing စနစ်ဖြင့် တက်ရောက်ကြကြောင်း သိရသည်။

(၃၉၄)

# နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများအား UID (Unique Identity)များ ဆောင်ရွက်ပေး

**ကျောက်ပန်းတောင်း ဇူလိုင် ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကျောက်ပန်းတောင်း မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးစိုးပိုင်နှင့် ဝန်ထမ်းများက နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ ပင်စင်ထုတ်ယူရာတွင် ပိုမိုလျင်မြန်လွယ်ကူစွာ ထုတ်ယူရရှိနိုင်စေရေးအတွက် UID (Unique Identity) (ခေါ်) Smart Card များကို ယမန်နေ့ နံနက်က မြန်မာ့စီးပွားရေးဘဏ်ခွဲတွင် ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ၏ ဇီဝဆိုင်ရာအချက်အလက်များ (Biometric Data) စိစစ်ကောက်ယူခြင်း၊ လက်ဗွေများအား Scan ဖတ်ခြင်းနှင့် လိုအပ်သည့် ကိုယ်ရေးအချက်အလက်များထည့်သွင်း၍ UID နံပါတ်များကို ရယူပြီး မြန်မာ့စီးပွားရေးဘဏ်၏ Centralized e-Pension အစီအစဉ်တွင် ထည့်သွင်းနိုင်ရန် UID (Unique Identity) (ခေါ်) Smart Card၊ နံပါတ်ထုတ်ပေးခြင်းများကို ဆောင်ရွက်ခဲ့ကြကြောင်းနှင့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားဦးရေ ၄၅၁ ဦး ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

(၄၅၆)





# မြေနဲလေးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်နေမှုအား ကွင်းဆင်းစစ်ဆေး

**ညောင်ဦး ဇူလိုင် ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ခု ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ရန်ပုံငွေဖြင့် မြေနဲလေးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ဆောင်ရွက်နေမှု အခြေအနေများကို ဇူလိုင် ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။ **(အပေါ်ပုံ)**

ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ဦးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်း၊ ညောင်ဦးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ မြေနဲလေးကျေးရွာ၌ ပြည်ထောင်စုရန်ပုံငွေဖြင့် လမ်းအရှည်(၀/၆)မိုင်အား လမ်းအကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေကိုးလက်မ မြေသားတင်ဂျင်းခင်းခြင်း ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ မြေနဲလေးကျေးရွာ၌ လမ်းအရှည်(၀/၆)မိုင်အား လမ်းအကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေကိုးလက်မ မြေသားတင်ဂျင်းခင်းခြင်းအမျိုးအစား ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း၊ Slab Culvert သုံးစင်းနှင့် ရေကျော်တံတားတစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းကို ပြည်ထောင်စုငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၁၆၃ ဒသမ ၁၈၀ သန်းဖြင့် လင်းယုန်အားမာန်ကုမ္ပဏီက ယခုနှစ်ဇွန်လပထမပတ်တွင် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ လုပ်ငန်းများ ၃၄ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

ယင်း ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးပါက မြေနဲလေးကျေးရွာရှိ အိမ်ခြေ ၁၉၃ အိမ်၊ လူဦးရေ ၈၁၇ ဦး၏ စိုက်ပျိုးလယ်မြေများကို အဆင်ပြေစွာ သွားလာစိုက်ပျိုးနိုင်မည့်အပြင် စိုက်ခင်းများမှ ထွက်ရှိသော လယ်ယာထွက်ကုန် သီးနှံများကိုလည်း ဈေးကွက်သို့ လွယ်ကူစွာဖြင့် သယ်ယူပို့ဆောင်ရောင်းချနိုင်မည်ဖြစ်၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ကြောင်း ညောင်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးထံက သိရသည်။

(၄၄၅)

**မီးမရှို့၊ မြေမမြှုပ်၊ စက္ကူတွေကို ဒါနလုပ်။**

# X-Ray ဖြင့် ရွှေပါဝင်မှုနှုန်းနှင့် ရွှေအရည်အသွေးကို စစ်ဆေးပေးမည်

ရွှေဝယ်ယူသည့် ဘောက်ချာတွင် ပါရှိသည့်အတိုင်း မှန်ကန်စေရန် X-Ray ဖြင့် ရွှေပါဝင်မှုနှုန်းနှင့် ရွှေအရည်အသွေးကို တိုင်းတာစစ်ဆေးပေးမည်ဟု မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းချုပ်မှ သိရသည်။ XRF Machine (X-Ray) ဖန်ချောင်းစက်ဖြင့် စစ်ဆေးပေးပြီး မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းချုပ်မှ အရည်အသွေး ထောက်ခံချက် ထုတ်ပေးသွားမည်ဟု ဆိုသည်။

"သတ်မှတ်ကာလအတွင်းမှာ ရွှေဆိုင်တွေက ဝယ်လာတဲ့ ဘယ်ရွှေထည်ပစ္စည်းမဆို ဘောက်ချာမှာပါတဲ့ ရွှေအမျိုးအစားနဲ့ ရွှေအရည်အသွေးစံချိန်စံညွှန်းတွေအရ မှန်ကန်ရမှာဖြစ်ပါတယ်။ ရွှေချစ်သူတွေအတွက် မှန်ကန်မှုရှိစေရေး စစ်ဆေးပေးတာဖြစ်ပါတယ်"ဟု ရွှေလုပ်ငန်းရှင်အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရွှေဆိုင်ဘောက်ချာမှ ရွှေပါဝင်မှုနှုန်းနှင့် ရွှေအရည်အသွေးပြည့်စုံမှုရှိ၊ မရှိ စတင်စစ်ဆေးချိန်နှင့် ကိုက်ညီရမည်ဖြစ်ပြီး စစ်ဆေးသည့် အချိန်ကာလမတိုင်မီ ဝယ်ယူထားသည့် ဘောက်ချာအဟောင်းများမှ ရွှေများကို စစ်ဆေးပေးမည်မဟုတ်ကြောင်း သိရသည်။

ရွှေတစ်ကျပ်သားအလေးချိန်မှာ စနစ်သစ်ဖြစ်သည့် ၁၆ ဒသမ ၃၂၉၃ ဂရမ်နှင့် အရောင်းအဝယ်ပြုလုပ်ရမည်ဖြစ်ကြောင်း ထုတ်ပြန်ထားပြီးဖြစ်၍ ယခင် အချိန်အတွယ်များနှင့် မပြုလုပ်ကြရန် ထုတ်ပြန်အသိပေးထားကြောင်း သိရသည်။ **(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၉)**



# လျှင်ဘေးဒဏ်သင့် အာမခံအလုပ်သမားမိသားစုများအား ထောက်ပံ့မှုအကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း ပေးအပ်

**မိတ္ထီလာ ဇူလိုင် ၂၄**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်နှင့် ဝမ်းတွင်းမြို့နယ်များမှ လူမှုဖူလုံရေးအဖွဲ့တွင် အကျုံးဝင်မှတ်ပုံတင်ထားသော အလုပ်ဌာနများမှ လျှင်ဘေးဒဏ်သင့် အာမခံအလုပ်သမားများအား သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့အကျိုးစားခွင့် ၄၀ ရာခိုင်နှုန်းနှင့် ကျန်ရစ်သူ အကျိုးခံစားခွင့်ထုတ်ပေးသည့် အခမ်းအနားကို ဇူလိုင် ၂၃ ရက် မွန်းလွဲ ၁ နာရီက အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ယဉ်ယဉ်အုန်းက အဖွင့်အမှာစကားပြောကြားပြီး လူမှုဖူလုံရေးအဖွဲ့၏ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေအရ လျှင်ဘေးဒဏ်သင့် အာမခံအလုပ်သမား ၁၅၁၁ ဦးအတွက် သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှုအကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း(ငွေကျပ် သန်း ၁၂၁ ဒသမ ၄၈၃)အား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဦးကျော်ဇေယျထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

၎င်းနောက် လူမှုဖူလုံရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁)၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်အောင်လေးတို့က အလုပ်တွင် ထိခိုက်သေဆုံးခဲ့သည့် အာမခံအလုပ်သမား ၁၀ဦးအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေကျပ်သန်း ၉၈ ဒသမ ၄၀၀ အား ကျန်ရစ်သူမိသားစုထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဦးကျော်ဇေယျနှင့် သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့အကျိုးစားခွင့်ရရှိသည့် အာမခံအလုပ်သမားများကိုယ်စား ဝမ်းတွင်းမြို့ အမှတ်(၇)အထည်စက်ရုံမှ ဒေါ်သောင်းသောင်းမြင့်တို့က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ (အောက်ပုံ)(၄၆၉)




# နတ်သမီးကမ်းပါး မြစ်ရေတင်လုပ်ငန်းခွင်ရှိ ရေတင်ပန့်များ ပြုပြင်ထိန်းသိမ်းဆောင်ရွက်နေမှုအား ကွင်းဆင်းစစ်ဆေး

**ညောင်ဦး ဇူလိုင် ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ သောက်သုံးရေဖူလုံစေရေးအတွက် ရေပေးဝေလျက်ရှိသည့် ညောင်ဦးမြို့နယ် နတ်သမီးကမ်းပါး မြစ်ရေတင်လုပ်ငန်းခွင်ရှိ ရေတင်ပန့်များ ပြုပြင်ထိန်းသိမ်းဆောင်ရွက်နေမှုအခြေအနေအား ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် ညောင်ဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်း၊ ညောင်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးနှင့်ဝန်ထမ်းများက ဒေသခံပြည်သူများ သောက်သုံးရေ ဖူလုံစွာသုံးစွဲနိုင်ရန်အတွက် နတ်သမီးကမ်းပါး မြစ်ရေတင်လုပ်ငန်းခွင်ရှိ ရေတင်ပန့်များ ပြုပြင်ထိန်းသိမ်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ရေပေးဝေရေးလုပ်ငန်းများ အခက်အခဲမဖြစ်စေရေးနှင့် အမြန်ပြီးစီးအောင် ပြုပြင်ထိန်းသိမ်းသွားကြရန် ဆွေးနွေးမှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ညောင်ဦးမြို့နယ် နတ်သမီးကမ်းပါး မြစ်ရေတင်စီမံကိန်းလုပ်ငန်းကို ၂၀၁၅ ခုနှစ် အောက်တိုဘာလမှ စတင်ကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မြို့ပေါ်ရပ်ကွက်နေပြည်သူများနှင့် မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၁၀၅ ရွာကို ရာသီမရွေး သောက်သုံးရေဖူလုံစွာသုံးစွဲနိုင်ရန် နေ့စဉ်ရေများဖြန့်ဝေပေးလျက်ရှိကြောင်း ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

(အောက်ပုံ)(၄၄၅)



သစ်ပင်စိုက်ပါ
တို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ။



# လျှင်ဒဏ်ကြောင့် ပျက်စီးခဲ့သော မန္တလေးဒေသမှ ရှေးဟောင်းဘုရားစေတီ ၁၀ ဆူ ပြုပြင်ထိမ်းသိမ်းရေးအတွက် ပြည်ပအလှူရှင်များမှ ကမ်းလှမ်းညှိနှိုင်းထား

**မန္တလေး ဇူလိုင် ၂၄**

လျှင်ဒဏ်ကြောင့် ပျက်စီးခဲ့သော မန္တလေးရှေးဟောင်းယဉ်ကျေးမှုဒေသအတွင်းမှ ရှေးဟောင်းစေတီများ အနက် ၁၀ ဆူကို ပြုပြင်ထိန်းသိမ်းရေးအတွက် ပြည်ပအလှူရှင်များမှ ကမ်းလှမ်းညှိနှိုင်းထားကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဒေသခွဲ)မှ ညွှန်ကြားရေးမှူး ဒေါက်တာသန်းထိုက်က ပြောသည်။

မန္တလေးငလျင်ကြီးဒဏ်ကြောင့် မန္တလေးရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ရှေးဟောင်းစာရင်းဝင် ဘုရားစေတီ ပုထိုးသာသနိကအဆောက်အအုံ စုစုပေါင်း ၁၅၀၀ ကျော် ထိခိုက်ပျက်စီးခဲ့သည်ဟု ဆိုသည်။

"ဘူတန်၊ တရုတ်နဲ့ နီပေါနိုင်ငံများက ပျက်စီးသွားတဲ့ ရှေးဟောင်းစေတီနဲ့ အဆောက်အအုံတွေကို ပြုပြင်ထိန်းသိမ်းဖို့ ကျွန်တော်တို့ မန္တလေးဌာနခွဲနဲ့ ညှိနှိုင်းဆက်သွယ်ထားတာက ၁၀ ခုလောက်ရှိပြီး ပြည်ထောင်စုနဲ့ ညှိနှိုင်းထားတာတွေလည်း ရှိပါတယ်။ မန္တလေးဌာနခွဲအနေနဲ့ ငလျင်လှုပ်ပြီးနောက် ပျက်စီးသွားတဲ့ စေတီ ပုထိုးတွေ၊ သာသနိကအဆောက်အအုံတွေကို မှတ်တမ်းပြုစုပါတယ်"ဟု ၎င်းက ပြောသည်။

ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်ရန် မန္တလေး၊ မဟာအောင်မြေမြို့နယ်ရှိ အရိပ်မထွက်ဘုရားနှင့် အာနန္ဒာဘုရားကို ဘူတန်နိုင်ငံမှလည်းကောင်း၊ မဟာမုနိရုပ်ရှင်တော်ဘုရားကြီးအတွင်းရှိ ကျောက်စာတိုက်အတွက် ဘူတန်နိုင်ငံမှလည်းကောင်း၊ တောင်သမန်ကျောက်တော်ကြီးဘုရား၊ မဏ္ဍရာရှေးဟောင်းနယ်မြေရှိ ရွှေစည်းခုံဘုရား၊ အင်းဝရှေးဟောင်းနယ်မြေရှိ မယ်နုအုတ်ကျောင်းနှင့် မန္တလေးနန်းမြို့ရိုးမှ ပျက်စီးမှုများကိုလည်းကောင်း ပြည်ပအလှူရှင်များက ပြုပြင်ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်ပြောကြားရာတွင် "ဘူတန်နိုင်ငံကတော့ အလှူငွေလှူဒါန်းထားပြီး တရုတ်နိုင်ငံကတော့ နန်းမြို့ရိုး၊ ပြာသဒ်၊ ပြအိုးမီးတား စတဲ့ နန်းတော်ဧရိယာအတွင်းက ရှေးဟောင်းပျက်စီးမှုတွေ ပြုပြင်ထိန်းသိမ်းဖို့ ညှိနှိုင်းဆောင်ရွက်ထားပါတယ်။ ပြုပြင်ထိန်းသိမ်းဖို့ ပညာရှင်တွေနဲ့ညှိနှိုင်းထားတဲ့ အပိုင်းတွေရှိတယ်။ ငလျင်ဒဏ်ကြောင့် ဒီဘုရားကတော့ အလုံးစုံပျက်စီးသွားတယ်။ ၅၀ ရာခိုင်နှုန်းလား၊ ၆၀ရာခိုင်နှုန်းလား၊ ပြင်တာကအားလုံးကို ရှေးမူမပျက်ပြင်ဆင်မှာပါ" ဟု ၎င်းက ပြောသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၉)

# ကျေးလက်လမ်းလုပ်ငန်းများအား ကွင်းဆင်းစစ်ဆေး

**ဇေယျာသီရိ ဇူလိုင် ၂၄**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင်၊ ဇေယျာသီရိမြို့နယ်အတွင်း ၂၀၂၅-၂၀၂၆ ခု ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စု၊ နေပြည်တော်ကောင်စီ(ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လုပ်ငန်းခွင်များသို့ ယမန်နေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ စီမံကိန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနခွဲမှ အင်ဂျင်နီယာများ၊ ဥတ္တရခရိုင်နှင့် ဇေယျာသီရိမြို့နယ်တို့မှ တာဝန်ရှိအင်ဂျင်နီယာများသည် တင်ဒါအောင်ကုမ္ပဏီများနှင့်အတူ ၂၀၂၅-၂၀၂၆ ခု ဘဏ္ဍာနှစ် ဇေယျာသီရိမြို့နယ်အတွင်း ပြည်ထောင်စု၊ နေပြည်တော်ကောင်စီ(ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း၊ တံတား ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများမဆောင်ရွက်မီ မူလလမ်းတံတား အခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီရေး၊ အချိန်မီဆောင်ရွက်ပြီးစီးနိုင်စေရေးအတွက် ညှိနှိုင်းဆောင်ရွက်ခဲ့ပါကြောင်း ဥတ္တရခရိုင်၊ ဇေယျာသီရိမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

*－*－*－*－*－*

# ငွေကြေးဆိုင်ရာ လိမ်လည်မှုဖြစ်စဉ်များအကြောင်း အသိပညာပေးဟောပြောပွဲ ကျင်းပ

**မိုင်းကိုင် ဇူလိုင် ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ မိုင်းကိုင်မြို့နယ်၌ ကျောင်းသား၊ ကျောင်းသူများ Online မှတစ်ဆင့် လိမ်လည်ဖြားယောင်းခံရမှုများ မရှိစေရေး ငွေကြေးဆိုင်ရာ လိမ်လည်မှုဖြစ်စဉ်များအကြောင်း အသိပညာပေးဟောပြောပွဲ ယမန်နေ့ မွန်းလွဲပိုင်းက အ·ထ·က (မိုင်းကိုင်) မြတ်သီရိခန်းမ၌ ကျင်းပခဲ့သည်။ **(အောက်ပုံ)**

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်တင်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းထွန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းလှိုင်လှိုင်ဦးတို့က Online လိမ်လည်မှုဖြစ်စဉ်ပုံစံများ၊ ဆိုရှယ်မီဒီယာမှ သတင်းအချက်အလက်များအား အမှန်၊ အမှား ခွဲခြားခြင်း၊ ငွေကြေးလိမ်လည်မှုဖြစ်စဉ်များမှတစ်ဆင့် ကြုံတွေ့နေရသည့် စိန်ခေါ်မှု ပြဿနာများအကြောင်း အသိပညာပေးဆွေးနွေးပြီးနောက် ငွေကြေးဆိုင်ရာ လိမ်လည်မှုဖြစ်စဉ်အကြောင်းအရာ ဗီဒီယိုကလစ်နှစ်ခုကို ဖွင့်လှစ်ပြသရာ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြသည်။



အဆိုပါ အသိပညာပေးဟောပြောပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ အ·ထ·က(မိုင်းကိုင်)မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၊ စုစုပေါင်းအင်အား ၁၅၀ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## သရက်မြို့၌ လျှပ်စစ်အန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

**သရက် ဇူလိုင် ၂၄**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ခရိုင်၊မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများက လျှပ်စစ်အန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဇူလိုင် ၂၃ ရက် နံနက် ၈ နာရီက မြို့မဈေးရှေ့တွင် ဆောင်ရွက်ခဲ့သည်။ **(အပေါ်ပုံ)**

လုပ်ငန်းများဆောင်ရွက်ရာတွင် ခရိုင်၊ မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများက လျှပ်စစ်အန္တရာယ်သတိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေရာတွင် မိသားစုလျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရန် ဓာတ်အားလိုင်းကြိုးများ ပြတ်ကျနေခြင်း၊ လျော့ကျနေခြင်း၊ ဓာတ်အားလိုင်းကြိုးများပေါ်သို့ သစ်ပင်၊ သစ်ကိုင်းများ ကျိုးကျနေခြင်း၊ ဆားဗစ်ကြိုးများ လျော့ကျနေခြင်း၊ ပြတ်ကျခြင်းများဖြစ်ပါက ကိုင်တွယ်ခြင်းမပြုရန်၊ လျှပ်စစ်ရုံးသို့ အကြောင်းကြားပေးရန်နှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရန် လျှပ်စစ်ပစ္စည်းများ ကိုင်တွယ်အသုံးပြုရာတွင် အိမ်သုံးလျှပ်စစ်ပစ္စည်းများအား ရေစိုနေသောခန္ဓာကိုယ်၊ ရေစိုအဝတ်အစားဝတ်လျက် ကိုင်တွယ်ခြင်းမပြုရန်နှင့် သံမံတလင်း၊ မြေပြင်ပေါ်၌ ခြောက်သွေ့သော ဖိနပ်စီးထားခြင်းမရှိဘဲ ကိုင်တွယ်အသုံးမပြုရန်တို့ ပါရှိသော လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၄**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၄ ရက်မှ ၂၀ ရက်အထိ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၄၇ ဒသမ ၈၂၅၂ တန်၊ သစ်မာ ၅ ဒသမ ၀၉၃၂ တန်၊ အခြား ၅၃ ဒသမ ၈၀၂၄ တန်၊ စုစုပေါင်း ၁၀၆ ဒသမ ၇၂၀၈ တန်၊ ယာဉ်၊ ယန္တရား ငါးစီး ကျူးလွန်သည်ဟု ယူဆသူ ၁၁ ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။ **(ယာပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## မကွေး-တောင်တွင်းကြီးကားလမ်းတွင် ယာဉ်မတော်တဆမှုဖြစ်ပွား

**တောင်တွင်းကြီး ဇူလိုင် ၂၄**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊မကွေး-တောင်တွင်းကြီးသွားကားလမ်း၊ လျောင်းတော်ဦးကျေးရွာအနီးတွင် ဇူလိုင် ၂၃ ရက် နံနက် ၆ နာရီက ယာဉ်မတော်တဆမှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ယာဉ်မောင်း ဦး·····သည် မော်တော်ယာဉ်ကို မကွေး-တောင်တွင်းကြီး ကားလမ်းအတိုင်း မောင်းနှင်လာစဉ် လျောင်းတော်ဦးကျေးရွာအနီးတွင် မျက်နှာချင်းဆိုင်မှ မောင်းနှင်လာသော မော်တော်ယာဉ်အား တိမ်းရှောင်စဉ် အရှိန်မထိန်းနိုင်ဘဲ ဖြစ်ကာ လမ်းဘေး၌ နားနေသူ အမျိုးသားများအား ဝင်တိုက်မိခဲ့သည်။ **(ယာပုံ)**

အဆိုပါ ယာဉ်တိုက်မှုတွင် အမျိုးသားနှစ်ဦးမှာ ဦးခေါင်းဖူးရောင်ဒဏ်ရာ၊ ရင်ဘတ်အောင့်ဒဏ်ရာ၊ နဖူးပေါက်ပြဲဒဏ်ရာ၊ ခြေ၊ လက်ပွန်းပဲ့ဒဏ်ရာများရရှိခဲ့သဖြင့် လူမှုကူညီရေးအသင်းယာဉ်ဖြင့် မြို့နယ်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(၀၅၇)**



## မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၄**

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၁ ရက် နံနက် ၈ နာရီခွဲက လယ်ဝေးမြို့နယ်၊ သစ်ကြိမ်းကျေးရွာအုပ်စု၊ ကြာကန်ကျေးရွာအနီးတွင် အောင်နန်းချိုကျေးရွာဘက်မှ တောင်စဉ်အေးရွာဘက်သို့ စောနေပိုင်(ခ)နေပိုင် ဆိုသူ မောင်းနှင်လာသော LAND CRUSIER မော်တော်ယာဉ်နှင့် ရှေ့နောက် လိုက်ပါလာသည့် ချစ်နိုင်ထွေး(ခ)မိုးဒီဆိုသူ မောင်းနှင်လာသော ALPHARD မော်တော်ယာဉ်တို့အား စစ်ဆေးရှာဖွေရာ အဆိုပါယာဉ်နှစ်စီးပေါ်မှ ဘိန်းဖြူ ၆၇ ဒသမ ၃၃ ကီလို ဖမ်းဆီးရမိခဲ့ကြောင်း ကွင်းဆက်ဖော်ထုတ်ချက်အရ အဆိုပါဘိန်းဖြူများအား လက်ခံ၍ မန္တလေးသို့ တာဝန်ခံသယ်ဆောင်သူ သိန်းမြင့်(ခ)သိန်းဟန်ဆိုသူသည် တာချီလိတ်ဘက်သို့ တိမ်းရှောင်သွားကြောင်း သိရှိရသဖြင့် ဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၁၂ ရက် နံနက် ၇ နာရီခွဲတွင် တာချီလိတ်မြို့၊ ဝမ်ကောင်းရပ်ကွက်၊ ဗိုလ်ချုပ်လမ်းတွင် ဖမ်းဆီးရမိခဲ့ကြောင်း၊ ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးချက်များအရ ဖမ်းဆီးရမိသော ဘိန်းဖြူများအား လွိုင်ကော်မြို့နေ ခွန်နေလင်းအောင်(ခ)အားသိုက်(ခ)ယောဟန်ဆိုသူ၏ စေခိုင်းချက်အရ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဖယ်ခုံမြို့မှ လယ်ဝေးမြို့နယ်၊ အောင်နန်းချိုကျေးရွာအနီးသို့ လွိုင်ကော်မြို့နေသူ သူရိန်စိုး(ခ)ဖိုးသာထူး(ခ)ဖိုးလုံးဆိုသူမှ လာရောက်ပို့ဆောင်ခဲ့သဖြင့် ရေနီမြို့နေ စောနေပိုင်(ခ)နေပိုင်ဆိုသူနှင့် ပျဉ်းမနားမြို့နယ်နေ ချစ်နိုင်ထွေး(ခ)မိုးဒီဆိုသူတို့မှ လက်ခံ၍ ပုဗ္ဗသီရိမြို့နယ်နေ သိန်းမြင့်(ခ) သိန်းဟန် ဆိုသူထံသို့ လွှဲပြောင်းပေးခဲ့သဖြင့် ၎င်းမှ ရန်ကုန်နှင့် မန္တလေးမြို့သို့ အကြိမ်ကြိမ်သယ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရ၍ ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့၏ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့်ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ထပ်မံအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



# စာအုပ်၊ စာစောင်ချစ်မြတ်နိုးသူများအသင်း (Book Club) အဖွဲ့ဝင်များနှင့် စာပေဝါသနာရှင်များဖြင့် စာဖတ်ဝိုင်းဆွေးနွေးပွဲ ပြုလုပ်



**ဥတ္တရသီရိ ဇူလိုင် ၂၄**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း (Book Club) အဖွဲ့ဝင်များနှင့် စာပေဝါသနာရှင်များ ပူးပေါင်း၍ စာရေးဆရာ တက္ကသိုလ် ဘုန်းနိုင် ရေးသားသော 'တစ်ပြည်သူ မရွှေထား' စာအုပ်ဖြင့် စာဖတ်ဝိုင်းဆွေးနွေးပွဲကို ဇူလိုင် ၂၃ ရက် နံနက်ပိုင်းတွင် ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် ဥတ္တရခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေဝင်းက စာပေဖတ်ရှုသည့် အလေ့အထကောင်းများ တိုးပွားရရှိကာ စာဖတ်ရှိန်မြင့်မားပြီး အသိပညာဗဟုသုတများ ဖလှယ်ဆွေးနွေးနိုင်ရေး ရည်ရွယ်၍ စာဖတ်ဝိုင်းဆွေးနွေးပွဲပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် စာရေးဆရာ စိန်ဝင်းနွယ်(ဘာသာပြန်)၊ စာရေးဆရာ ရဲမွန်ကျော်၊ စာရေးဆရာ မောင်ရည်ကျော်(ရှုပ)၊ စာရေးဆရာမ (နန်းနန်းစပါးကျီ)နှင့် စာရေးဆရာ ချယ်ချယ်(YU)တို့က စာရေးဆရာ တက္ကသိုလ် ဘုန်းနိုင်ရေးသားသော 'တစ်ပြည်သူ မရွှေထား' စာအုပ်ပါ အကြောင်းအရာများကို ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသည့် စာပေဝါသနာရှင်များ၏ သိရှိလိုသည့် မေးမြန်းချက်များအပေါ် စာရေးဆရာ၊ ဆရာမများက ပြန်လည်ဆွေးနွေးပေးခဲ့ကြသည်။

အဆိုပါ စာဖတ်ဝိုင်းဆွေးနွေးပွဲသို့ စာအုပ်၊ စာစောင်ချစ်မြတ်နိုးသူများအသင်း (Book Club) အဖွဲ့ဝင်များနှင့် စာပေချစ်မြတ်နိုးသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

*- *- *- *- *- *- *

# စဉ့်ကိုင်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေးဟောပြော

**စဉ့်ကိုင် ဇူလိုင် ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူ လူငယ်များ အသိအလိမ္မာ တိုးပွားစေရေး၊ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်ရေး အသိပညာ အတတ်ပညာများ တိုးပွားစေရေး၊ နိုင်ငံတော်အတွက် အကျိုးပြုနိုင်သော အနာဂတ်သားကောင်းရတနာ၊ သမီးကောင်းရတနာလေးများ ပေါ်ထွန်းလာစေရေးတို့ကို ရည်ရွယ်၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၃ ရက် နံနက် ၁၀ နာရီက အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) (တောမ)၌ ပြုလုပ်ခဲ့သည်။

လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီးက အဖွင့်အမှာစကား ပြောကြားသည်။ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝင်းဝင်းသန်းက လူငယ်ရေးရာ ဟောပြောပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး 'လူငယ်နှင့် ရည်မှန်းချက်' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ရဲနိုင်က 'အားကစားနှင့် လူငယ်များ၏ အနာဂတ်' ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးဟောပြောခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များအား မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြောင်းနှင့် တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက ကျောင်းဝင်းအတွင်း ပြသထားသော အသိပညာပေး နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြသည်။



လူငယ်ရေးရာ ဟောပြောပွဲသို့ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တောမမှ ကျောင်းအုပ်ဆရာမကြီး၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**ကျော်စွာ(စဉ့်ကိုင်)**

# ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် စာအုပ်များပြသ

**မြစ်သား ဇူလိုင် ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် ပြည်သူ့စာကြည့်တိုက်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ကလေးအလုပ်သမား ပပျောက်ရေးအသိပညာပေး ဟောပြောပွဲနှင့် စာအုပ်များ ပြသခြင်းကို ဇူလိုင် ၂၃ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာအောင်က ကလေးအလုပ်သမားဆိုသည်မှာ ဥပဒေက ခွင့်ပြုထားသော အသက်အရွယ်ထက် ငယ်ရွယ်ခြင်း၊ ဥပဒေပါကလေးအလုပ်သမားဆိုင်ရာ အသက်အရွယ်ကန့်သတ်ချက်များ၊ ကလေးအလုပ်သမားဖြစ်ရခြင်း အကြောင်းအရင်းများ၊ ကလေးများအား ကလေးအလုပ်သမားအဖြစ် ခိုင်းစေမှု၊ ကလေးများကို အန္တရာယ်ရှိစေနိုင်သည့် အလုပ်၊ ပြင်းထန်ပြီး ထိခိုက်ဒဏ်ရာရစေသည့်အလုပ်၊ ဖိစီးမှုများသည့်အလုပ်၊ ပင်ပန်းကြီးစွာ လုပ်ရသောအလုပ်များကို ခိုင်းစေမှု မပြုရကြောင်း၊ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေများနှင့် ပြစ်မှု၊ ပြစ်ဒဏ်များ၊ ကလေးအလုပ်သမား လျော့နည်းစေရန် ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများ စသည့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာတို့ကို အသိပညာပေးဟောပြောခဲ့ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဒုတိယဦးစီးမှူး ဒေါ်ဆုရည်ထွေးက ကျောင်းသား၊ ကျောင်းသူများကို အသိပညာ ဗဟုသုတ တိုးပွားစေရန်၊ ဉာဏ်ရည်၊ ဉာဏ်သွေးဖွံ့ဖြိုးစေရန်၊ ပြောရဲ၊ ဆိုရဲသော သတ္တိများ ရှိစေရန်အတွက် မိမိရုံးရှိ ပြည်သူ့စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှု ရှိလာစေရန် အကြောင်းအရာများကို ရှင်းလင်းဟောပြောခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ဝင်းမင်းထွန်း(ပြန်/ဆက်)**

၀-၀-၀-၀-၀

ဖတ်စရာ၊ မှတ်စရာ စုံလင်

## ဥပုသ်စောင့်ပြီး ဘယ်လိုနေ

* ငါ့တူရွှေသွေး နာဘီသေးလော့
ဦးလေးပြောမယ် မှတ်သားဖွယ်ကို
မြေဝယ်မကျ လိုက်နာက
မုချတိုးတက်ရာ ။
* ဥပုသ်စောင့်ပြီး ယောင်တောင်တီးနှင့်
ပေါ့တီးပေါ့ဆ မနေရဘူး
နေ့ ည ချိန်ကုန် ဘုရားဂုဏ်
အာရုံပြုနေပါ ။
* တရားဂုဏ်တော် ခြောက်ပါးလျော်သော
ပွားသော်နေရ ထိုမှတစ်ဖန်
ထေရ်မွန်သံဃာ ဂုဏ်ကိုးဖြာ
ရှုကာနေရမှာ ။
* သီလာနုဿတိ ကိုယ့်မှာရှိထား
သီလများကို ပြောက်ကျားခန်ထွက်
မကျိုးပျက်အောင် သတိဆောင်
ခုနှောင်ပွားနေပါ ။
* လှူပြီးစေတနာ မြတ်စာဂကို
ခါခါရှုမှတ် အထပ်ထပ်ပွား
တိုးရင်းများလာ စိတ်ချမ်းသာ
ဒါနမြတ်ကုသလာ ။
* နတ်များဒေဝါ ကုသိုလ်မဟာကို
ကိုယ်နှင့်ယှဉ်ထား နှိုင်းယှဉ်သွားရာ
သဒ္ဓါသီလ မြတ်စာဂနှင့်
သုတပညာ အရာရာသည်
ငါ့မှာလည်းရှိ ထိုအသိကို
သတိဆောင်ထား ချိန်တိုင်းပွား
ခြောက်ပါး နုဿတိပါ ။ ။

မြန်နန္ဒာဉာဏ်ဝေ



# ထိုင်းနှင့် ကမ္ဘောဒီးယားတပ်ဖွဲ့ဝင်များ နှစ်နိုင်ငံနယ်စပ်ဒေသ၌ အပြန်အလှန်ပစ်ခတ်မှုများ ဖြစ်ပွား

ဖနွမ်ပင် ဇူလိုင် ၂၄

ထိုင်းနှင့် ကမ္ဘောဒီးယားတပ်ဖွဲ့ဝင်များ နှစ်နိုင်ငံနယ်စပ်ဒေသရှိ ဘုရားကျောင်းတစ်ခုအနီး၌ အပြန်အလှန်ပစ်ခတ်မှုများ ယနေ့ဖြစ်ပွားခဲ့သည်။

ပစ်ခတ်မှုများကြောင့် ထိုင်းနိုင်ငံဘက်ခြမ်း၌ ၁၁ ဦး သေဆုံးပြီး ၂၈ ဦး ဒဏ်ရာရရှိကြောင်း ထိုင်းအစိုးရက ပြောကြားသည်။

ဇူလိုင် ၂၄ ရက် နံနက်ပိုင်းတွင် တိုက်ပွဲများ စတင်ခဲ့ပြီး နယ်စပ်ဒေသတစ်လျှောက်ရှိ နေရာအများအပြား၌ ဆက်လက်ဖြစ်ပွားနေကြောင်း သိရသည်။

ထိုင်းတပ်မတော်က F-16 တိုက်လေယာဉ်များဖြင့် ကမ္ဘောဒီးယားပစ်မှတ်များကို တိုက်ခိုက်ခဲ့သော်လည်း ကမ္ဘောဒီးယားအစိုးရက လက်ရှိအချိန်အထိ အသေအပျောက်နှင့် ပျက်စီးဆုံးရှုံးမှုအသေးစိတ် အချက်အလက်များကို ထုတ်ပြန်ခြင်းမရှိသေးကြောင်း သိရသည်။

မေလအတွင်းက အဆိုပါဒေသတွင် နှစ်နိုင်ငံတပ်ဖွဲ့များ အပြန်အလှန်ပစ်ခတ်မှုကြောင့် ကမ္ဘောဒီးယားတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့သည်။

ပြီးခဲ့သည့်ရက်သတ္တပတ်က ထိုင်းနယ်စပ်အနီးတွင် မြေမြှုပ်မိုင်းကြောင့် ထိုင်းတပ်ဖွဲ့ဝင်အများအပြား ထိခိုက်ဒဏ်ရာရခဲ့ကြောင်း ပြောကြားမှုကို ကမ္ဘောဒီးယားအစိုးရက အခြေအမြစ်မရှိသော စွပ်စွဲချက်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါဖြစ်စဉ်ဖြစ်ပွားပြီးနောက် ထိုင်းအစိုးရက ၎င်း၏သံတမန်များကို ဇူလိုင် ၂၃ ရက်တွင် ဖနွမ်ပင်မှ ပြန်လည်ခေါ်ယူခဲ့ပြီး ကမ္ဘောဒီးယားနှင့် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး ဖြတ်တောက်ခဲ့သည်။



အလားတူ ကမ္ဘောဒီးယားအစိုးရကလည်း ဇူလိုင် ၂၄ ရက်တွင် ထိုင်းနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားသံတမန်များကို မြို့တော်ဖနွမ်ပင်မှ ပြန်လည်ခေါ်ယူခဲ့သည်။

နှစ်နိုင်ငံအရေးကို တွေ့ဆုံဆွေးနွေးအဖြေရှာသောနည်းလမ်းဖြင့် ဆောင်ရွက်သွားရန် မျှော်လင့်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဂါအိုဂျေကန်က ပြောကြားသည်။

ထို့ပြင် တရုတ်နိုင်ငံသည် နှစ်နိုင်ငံစလုံးနှင့် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးရှိကြောင်း ၎င်းက အလေးအနက် ပြောကြားသည်။ ပေကျင်းအနေဖြင့် တရားမျှတပြီး သမာသမတ်ကျသော ရပ်တည်ချက်ကို ဆက်လက်ထိန်းသိမ်းထားမည်ဖြစ်ပြီး စေ့စပ်ညှိနှိုင်းမှုများကို အားပေးရန်နှင့် အပြုသဘောဆောင်သည့် အခန်းကဏ္ဍမှ ပါဝင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ကိုးကား – အင်န်အီတ်ချ်ကေ

ဘာသာပြန် – အောင်ကျော်ကျော်

# ရုရှား-ယူကရိန်း ငြိမ်းချမ်းရေးဆွေးနွေးပွဲ ကျင်းပ




မော်စကို ဇူလိုင် ၂၄

ရုရှားနှင့် ယူကရိန်း ကိုယ်စားလှယ်အဖွဲ့များက တူရကီယဲနိုင်ငံတွင် ဇူလိုင် ၂၃ ရက်က တတိယအကြိမ် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ကျင်းပရာ နှစ်ဖက်အကြား အကျဉ်းသား လဲလှယ်ရေးအတွက် သဘောတူညီချက် ရရှိခဲ့ကြောင်း သိရသည်။ ဆွေးနွေးပွဲတွင် သဘာပတိအဖြစ် တူရကီယဲနိုင်ငံခြားရေးဝန်ကြီး ဟာကန်ဖူဒင်က ဆောင်ရွက်ခဲ့သည်။

ပြောကြား

ဆွေးနွေးပွဲတွင် ရုရှား - ယူကရိန်း ကိုယ်စားလှယ်များအား အပစ်အခတ်ရပ်စဲရေးအောင်မြင်ရန်နှင့် စစ်ပွဲအဆုံးသတ်ရန် ရည်ရွယ်သည့် ရလဒ်ကို ဦးတည်သော စေ့စပ်ညှိနှိုင်းမှုများ အောင်မြင်ရေးအတွက် ဆောင်ရွက်ရန် ၎င်းက ညှိနှိုင်းပြောကြားသည်။

ရုရှား-ယူကရိန်းအရေး ဖြေရှင်းရေးအတွက် အစ္စတန်ဘူလ်ဆွေးနွေးပွဲတွင် ရုရှားနိုင်ငံက တင်သွင်းသည့် အဆိုပြုချက်များမှာ အပြုသဘောဆောင်ကြောင်း ကရင်မလင် ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့ဗ်က ပြောကြားသည်။

ရုရှားဘက်မှ အဆိုပြုချက်များသည် အပြုသဘောဆောင်ပြီး အဓိပ္ပာယ်ပြည့်ဝကာ ခိုင်မာသည့် ရလဒ်များရရှိရေးအတွက် ဦးတည်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဇူလိုင် ၂၃ ရက်တွင် ကျင်းပသည့် ရုရှား - ယူကရိန်း သုံးကြိမ်မြောက် ဆွေးနွေးပွဲတွင် နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့များ မတွေ့ဆုံမီ ရုရှားသမ္မတ၏လက်ထောက် ဗလာဒီမာ မီဒင်စကီးနှင့် ယူကရိန်း အမျိုးသားလုံခြုံရေးနှင့် ကာကွယ်ရေးကောင်စီ အတွင်းရေးမှူး ရက်စတန်ယူမီရော့ဗ်တို့ သီးခြားတွေ့ဆုံဆွေးနွေးသည်။

ဆွေးနွေးမှုအတွင်း နှစ်ဖက်အကြား တပ်မတော်သားများ သာမက အရပ်သားများကိုပါ လဲလှယ်ရန် သဘောတူညီခဲ့ကြသည်။ ထို့ပြင် နိုင်ငံရေး၊ စစ်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာပြဿနာများကို ဖြေရှင်းရန်အတွက် အွန်လိုင်းမှ လုပ်ငန်းအဖွဲ့ သုံးဖွဲ့ ဖွဲ့စည်းရန် ရုရှားနိုင်ငံက ယူကရိန်းနိုင်ငံသို့ အဆိုပြုခဲ့သည်။ ထို့ပြင် ဆွေးနွေးပွဲတွင် ရုရှားနိုင်ငံက ယူကရိန်းတပ်မတော်သားများ၏ ရုပ်အလောင်း ၇၀၀၀ ကို ယူကရိန်းအစိုးရထံ ပြန်လည်ပေးအပ်ပြီးဖြစ်ကြောင်းနှင့် သေဆုံးဒဏ်ရာရသူများကို ပြန်လည်မှတ်တမ်းပြုစုနိုင်ရန် အတွက် တိုက်ခိုက်မှုများကို လူသားချင်းစာနာထောက်ထားမှုအရ ခေတ္တရပ်နားထားရန် ကမ်းလှမ်းခဲ့သည်။

သံခင်းတမန်ခင်းများဆောင်ရွက်ရန်အတွက် မရှိမဖြစ် အခြေခံအုတ်မြစ်အဖြစ် ယူကရိန်းနိုင်ငံက ခြွင်းချက်မရှိ အပစ်အခတ်ရပ်စဲရေးကို တောင်းဆိုကြောင်း ရက်စတန်ယူမီရော့ဗ်က ပြောကြားသည်။

ယခုအကြိမ်တွင် ရရှိခဲ့သည့် သဘော တူညီချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ပြီး လေးကြိမ်မြောက် ဆွေးနွေးပွဲကျင်းပရန် နှစ်ဖက်အကြား ဆုံးဖြတ်ဆောင်ရွက်မည်ဟု မီဒင်စကီးက ပြောကြားသည်။

ကိုးကား – ဆင်ဟွာ

ဘာသာပြန် – စိုးသူရ






# တောမီးလောင်မှုနှင့် ပတ်သက်၍ သံသယရှိသူ ၄၄ ဦးကို အင်ဒိုနီးရှားအာဏာပိုင်များက ဖမ်းဆီးခဲ့သည်ဟု ဆို

ဂျကာတာ ဇူလိုင် ၂၄

ဒေသတွင်း ကျန်းမာရေးထိခိုက်စေသည့် မီးခိုးငွေ့များ ပျံ့နှံ့စေလျက်ရှိသော တောမီးနှင့် ရွှံ့နွံမြေမီးလောင်မှုအချို့ကို စတင်ခဲ့သည်ဟု သံသယရှိသူ ၄၄ ဦးကို အင်ဒိုနီးရှားအာဏာပိုင်များ မကြာသေးမီက ဖမ်းဆီးခဲ့သည်ဟု ဇူလိုင် ၂၃ ရက်တွင် တာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

တောမီးနှင့် ရွံ့နွံမြေမီးလောင်မှုများသည် အင်ဒိုနီးရှားနိုင်ငံတွင် နှစ်စဉ်ကြုံတွေ့ရသော ပြဿနာဖြစ်ပြီး အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေးကိုလည်း တင်းမာစေလေ့ရှိသည်။

လွန်ခဲ့သောနှစ်အနည်းငယ်အတွင်း အဆိုပါ မီးလောင်မှုများမှ ထွက်သော မီးခိုးငွေ့များက အင် ဒိုနီးရှား၊ စင်ကာပူ၊ မလေးရှားနှင့် ထိုင်းနိုင်ငံတောင်ပိုင်းဒေသအချို့ကို လွှမ်းခြုံခဲ့သည်။

အဆိုပါ မီးလောင်မှုများသည် စိုက်ပျိုးရန်အတွက် မြေနေရာရှင်းလင်းရန် စိုက်ပျိုးရေးခြံပိုင်ရှင်များ သို့မဟုတ် ရိုးရာတောင်သူများက တရားမဝင် မကြာခဏ စတင်ခဲ့ခြင်းဖြစ်သည်ဟု ကြေညာ ချက်တစ်ခုတွင် အမျိုးသားဘေး အန္တရာယ်လျှော့ချရေး အေဂျင်စီ အကြီးအကဲ ဆူဟာရီယန်တိုက ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ Mon

# အာကာသစူးစမ်းလေ့လာရေးတွင် တရုတ်အောင်မြင်မှုများ ရရှိထား နောက်ထပ် မစ်ရှင်များကိုလည်း အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်

ပေကျင်း ဇူလိုင် ၂၄

တရုတ်နိုင်ငံသည် အာကာသစူးစမ်း လေ့လာရေးနယ်ပယ်တွင် ထူးခြားပြောင်မြောက်သော အောင်မြင်မှုများ ရရှိထားပြီးအင်္ဂါဂြိုဟ်မှ မြေသားနမူနာယူဆောင်ပြန်လာရေးစီမံကိန်းနှင့် ဂျူပီတာဂြိုဟ်စု စူးစမ်းလေ့လာ ရေးခရီးစဉ်များကဲ့သို့သော ၎င်း၏ နောက်ထပ်ရည်မှန်းချက်ကြီးမားသည့် မစ်ရှင်များကိုလည်း အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။



တရုတ်အာကာသသိပ္ပံပညာရှင်များသည် မည်သည့်ကမ္ဘာမြေအခြေစိုက် အာကာသယာဉ်ကမျှ နီးနီးကပ်ကပ် လေ့လာစူးစမ်းဖူးခြင်းမရှိသေးသည့် ပိုမိုဝေးကွာသော နေရာများဖြစ်သည့် နေအဖွဲ့ အစည်းအတွင်းရှိ ရေခဲဂြိုဟ်ကြီးများ၊ အထူးသဖြင့် နက်ပကျွန်းဂြိုဟ်ကိုလည်း စူးစမ်းလေ့လာရန် မျှော်မှန်းလျက်ရှိသည်။

"ရေခဲဂြိုဟ်ကြီးများသည် ကြယ်များ မဖြစ်ပေါ်မီ ကနဦးတိမ်တိုက်များ၏ ဆင့်ကဲဖြစ်စဉ်သမိုင်းကြောင်းနှင့် ဂြိုဟ်များ ဖြစ်ပေါ်လာပုံနှင့် ပတ်သက်သည့် အရေးကြီးသော အချက်အလက်များကို မှတ်တမ်းတင်ထားသည့် မူလပုံစံမပျက်သော ဓာတ်ငွေ့ ပစ္စည်းများကို ထိန်းသိမ်းထားသည်။

အဆိုပါဂြိုဟ်များသည် နေအဖွဲ့အစည်း၏ မူလအစနှင့် နေအဖွဲ့အစည်းပြင်ပဂြိုဟ်များကို သုတေသနပြုရာတွင် အရေးကြီးသော လေ့လာစူးစမ်းရေး ဘာသာရပ်များအဖြစ် ဆောင်ရွက်ပေးသည်" ဟု ပေကျင်းမြို့ရှိ တရုတ်အာကာသနည်းပညာ အကယ်ဒမီမှ အကြီးတန်းသိပ္ပံပညာရှင်နှင့် ချန်အာ-၅ လကမ္ဘာ့လေ့လာရေးမစ်ရှင်၏ ဒီဇိုင်နာချုပ်ရန်မင်ဖေးက ပြောကြားခဲ့ကြောင်း သိရသည်။

Mon

0-0-0-0-0

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(သ-၄)၊ ဦးပိုင်အမှတ်(၃၅-က)၊ ဧရိယာ(၀ ဒသမ ၀၂၇၆)ဧက အကျယ်အဝန်းရှိ ဒေါ်ဝတ်ရည်အေးအမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သံဖရိန်အာရ်စီတစ်ထပ်ခွဲအဆောက်အအုံ၏ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူဖြစ်သော ဒေါ်မြတ်နိုးသွယ်(ဘ)ဦးဆန်းထွန်းမြင့် (၉/မဟမ(နိုင်)၀၄၃၇၆၈)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်တင်နီလာဝင်း (တရားလွှတ်တော်ရှေ့နေ)**

**ဦးကျော်လှိုင်ဝင်း ဒေါ်စီစီစိန် ဒေါ်လှဲ့လှဲ့နွယ်**

**(တရားလွှတ်တော်ရှေ့နေများ)**

**အကွက်(ယ-၆/၂၊၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၃)၊ ဦးပိုင်နံပါတ်(၈၁)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ (၄၀×၆၀)ပေ အကျယ်အဝန်းရှိ ဦးမောင်ကျင်(ခ)ဦးကြင်အမည်ပေါက် ဂရန်မြေကွက်၏ အရှေ့ဘက်ခြမ်း(၂၀×၆၀)ပေ အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်သင်ဇာထွန်း(ဘ)ဦးထွန်းရွှေ(၉/ခမစ(နိုင်)၀၁၁၇၆၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်သူဇာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၂၀)၊ ဦးပိုင်နံပါတ်(၅၇)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၆၂)ဧက အကျယ်အဝန်းရှိ ဦးသန်းဆွေအမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ခင်မြတ်မွန်(ဘ)ဦးဗိုလ်(၉/မနမ(နိုင်)၀၈၀၀၀၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်သူဇာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းသာယာ(က)ရပ်ကွက်၊ ကွင်းအမှတ်(၄၉၇/ပုသိမ်ကြီး)၊ ဦးပိုင်အမှတ်(က/၃၈၃)၊ အကျယ်(၆၀×၄၀)ပေ အကျယ်အဝန်းရှိ ဗိုလ်ကြီးကျော်ထူးအမည်ပေါက် ဂရန်မြေကွက်အနက်မှ အရှေ့ဘက်ခြမ်း အကျယ်(၃၀×၄၀)ပေ အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိနေထိုင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်နော်လယ်ဝါးဖိုး(ဘ)ဦးစံညွန့်(၁၄/မအပ(နိုင်) ၂၁၇၆၆၃)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း၊ စာချုပ်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်စေ့၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမြင့်သူ (LL.B, D.B.L)**

**တရားလွှတ်တော်ရှေ့နေ**

**အောင်မင်္ဂလာ(၁)ရပ်ကွက်၊ ပုသိမ်ကြီးမြို့နယ်။ ဖုန်း ၀၉-၄၃၀၁၁၁၆၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ကျန်တန်းရပ်ကွက်၊ ပွဲတော်ရပ်၊ ကွင်းအမှတ်(၆၀၀)အတွင်းမှ အရှေ့လားသော်-ဒေါ်အေးအေး မြေအစပ်၊ အနောက်လားသော်-လမ်း၊ တောင်လားသော်-ဦးစိမ်းဝါ မြေအစပ်၊ မြောက်လားသော်-ဦးအုန်းသွင် မြေအစပ် နယ်လေးရပ်အတွင်း တည်ရှိသော အရှေ့အနောက်(၈၅)ပေ၊ တောင်မြောက်(၇၀)ပေ အကျယ်အဝန်းရှိသောမြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို (၁၆-၈-၂၀၂၄)ရက်စွဲပါ မောင်နမတစ်စု စီမံမှုဖြင့် အမွေခွဲဝေပေးခြင်း ကတိစာချုပ်အရ အမွေခွဲဝေရရှိ၍ လက်ရှိလက်ရောက် ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးသိန်းဝင်း(ဘ)ဦးဘသောင်း(၉/မနတ(နိုင်)၀၄၅၉၇၇)ထံမှ ကျွန်ုပ် ဒေါ်မြသဥ္စာကဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြသဥ္စာ(ဘ)ဦးကျောက်**

**(၉/ငဇန(နိုင်)၀၉၄၄၇၂)**

**ပွဲတော်ရပ်၊ ကျန်တန်းရပ်ကွက်၊ အမရပူရမြို့နယ်။ ဖုန်း ၀၉-၉၈၉၁၇၀၇၀၂၊ ၀၉-၉၈၁၆၀၇၃၇၅**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက်အမှတ်(၄၈)၊ ဦးပိုင်အမှတ်(၃၄-က)၊ ဧရိယာ(၀ ဒသမ ၀၂၀၇)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်သည် သက်ဆိုင်ရာမြို့ပြမြေယာမှတ်တမ်းများ၊ မြေပုံ၊ မြေရာဇဝင်စာရင်းများတွင် ဦးတိုနီအမည်ပေါက်သော ဂရန်မြေကွက်ဖြစ်ကြောင်း၊ ရောင်းချရန်ကတိပြုသူ ဒေါ်တင်တင်နိုင်(ဘ)ဦးထွန်းစိန်(၉/ပသက(နိုင်)၀၀၁၄၃၁)က အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသောမြေကွက်ဖြစ်ကြောင်း၊ ယခုမိမိလက်ရှိ ပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသူဖြစ်သည့် ရောင်းချရန်ကတိပြုသူဖြစ်သော ဒေါ်တင်တင်နိုင်ထံမှ အဆိုပါ ဂရန်မြေကွက်နှင့် မြေကွက်၏ ပိုင်ဆိုင်ခွင့်အရပ်ရပ်၊ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်တို့၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ မိမိ၏ အကျိုးတစ်စုံတစ်ရာ သက်ဆိုင်ခြင်းကြောင့် ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြေညာသည့်ရက်မှ (၇)ရက်အတွင်း ပြည့်စုံခိုင်မာသော ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နိုင်သူဇာလင်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ခင်စိုးဝင်း (LL.B) ဒေါ်စင်မာစိုး (LL.B) ဒေါ်သူဇာကျော် (LL.B) ဒေါ်အိအိနိုင် (LL.B)**

**အထက်တန်းရှေ့နေများ**

**" နိုင်သစ္စာ" ဥပဒေဝန်ဆောင်မှုလုပ်ငန်း**

**၃၅လမ်း၊ ၆၇လမ်းနှင့် ၆၈လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၂၂၀၃၄၅၊ ၀၉-၈၉၂၃၃၄၄၅၅**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ အကွက်အမှတ်(၁၆-မီးကြာရိုးတောင်)၊ ဦးပိုင်အမှတ်(၄၂-က)၊ မြေဧရိယာ(၀ ဒသမ ၀၃၀)ဧကရှိ မြေယာနှင့်တကွ မြေယာပေါ်ရှိ နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပြင်ဦးလွင်ခရိုင် မြေငှားဂရန်အမှတ်တွဲအမှတ်(၂၅၇/၂၀၂၂-၂၀၂၃)အရ ဦးခင်မောင်အေး(၉/မရမ(နိုင်)၀၆၃၄၉၁)နှင့် ဒေါ်ချိုချိုအောင်(၁၂/ဥကတ(နိုင်)၀၆၄၈၁၆)ကိုင်ဆောင်သူများမှ အမည်ပေါက်ပိုင်ဆိုင်ထားပြီး ဦးခင်မောင်အေးမှာ ကွယ်လွန်သွားပြီဖြစ်၍ ဇနီးဖြစ်သူ ဒေါ်ချိုချိုအောင်မှ အမွေဆက်ခံပိုင်ဆိုင်လာပြီးနောက် ၎င်းထံမှ အဆိုပါမြေယာအဆောက်အအုံနှင့် အကျိုးခံစားခွင့်၊ စံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် သဘောတူညီကြသည့်အလျောက် ရောင်းကြေးငွေများအပေါ် စရန်ငွေနှင့် ရောင်းကြေးငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်အဆိုပါ မြေယာအဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်များနှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြေညာစာပါသည့်ရက်မှ အစပြု၍ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမျိုးတင့် (LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၃၉၁)**

**အမှတ်(AA-166)၊ မြနန္ဒာရပ်၊ လမ်းသွယ်(၈)၊ ရပ်ကွက်ကြီး(၁၀)၊ ပြင်ဦးလွင်မြို့။ ဖုန်း ၀၉-၂၀၄၆၆၅၀**

## မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ဒေါင်းရွှေရပ်ကွက်၊ Amara Villa အိမ်ယာစီမံကိန်းရှိ အကွက်အမှတ်(၅၆ဂ)၊ ဦးပိုင်အမှတ်(၁၃/၁-ခ)၊ ဧရိယာ(၀ ဒသမ ၂၁)ဧကနှင့် ဦးပိုင်အမှတ်(၁၃/၂)၊ ဧရိယာ (၀ ဒသမ ဂ၇)ဧက အကျယ်အဝန်းရှိသော ဦးသန်းနိုင်အမည်ပေါက် ဂရန်မြေကွက်များအတွင်းမှ မြေကွက်ငယ်နံပါတ်(6-B)၊ ဧရိယာ(၂၀×၇၁)ပေ အကျယ်အဝန်းရှိသော ဂရန်မြေကွက်နှင့် ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးသန်းနိုင်(ဘ)ဦးသန်းအေး(၁၃/လရန(နိုင်)၀၀၂၁၄၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်ခင်နီနီစိုး (LL.B)**

**(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**

**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ မန္တလေးမြို့။**

**ဖုန်း 02-4068839၊ 09-2006029၊ 09-792006029၊ 09-692006029**

**ladylawyer.khinninisoe@gmail.com**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ ဒေသအလိုက် ထူးခြားသည့် စိုက်ပျိုးရေး ထွက်ကုန်များ ပိုမိုတိုးတက် ထုတ်လုပ်နိုင်ရေး သုတေသနပြု ဆောင်ရွက်ရန် လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် တရုတ်နိုင်ငံတကာ ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (CIDCA) ဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇူလိုင် ၂၄

ဒုတိယ ဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် တရုတ်နိုင်ငံတကာ ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (CIDCA) ဥက္ကဋ္ဌ Mr. Chen Xiaodong ဦးဆောင်သည့် ကိုယ်စားလှယ် အဖွဲ့တို့သည် ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ Park Royal Hotel ၌ တွေ့ဆုံဆွေးနွေးသည်။



တွေ့ဆုံပွဲတွင် မဏ္ဍလေးလျှောင် ကြီးအလွန် ပြန်လည်ထူထောင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ တရုတ်နိုင်ငံတကာ ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီက ကူညီပံ့ပိုးပေးနိုင်မည့် အခြေအနေ၊ မြန်မာအစိုးရနှင့် CIDCA တို့အကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားရေး၊ ဆောက်လုပ်ရေး၊ ကျန်းမာရေး၊ အခြေခံအဆောက်အအုံနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကဏ္ဍများ၌ ဦးစားပေး အကောင်အထည်ဖော်လိုသည့်စီမံကိန်းများ၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှု ပိုမိုနက်ရှိုင်းစေရန်နှင့် မဟာဗျူဟာကျသည့် ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် အေးအတူပူအမျှ အသိုက်အဝန်းထူထောင်မှု အရှိန်အဟုန်ကို ဆက်လက်မြှင့်တင်သွားရေးတို့ကို ဆွေးနွေးကြသည်။

အစည်းအဝေးသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယ ဝန်ကြီးများ၊ နေပြည်တော် ကောင်စီဝင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး၊ CIDCA မှ တာဝန်ရှိသူများနှင့် တရုတ်သံရုံးမှ သံတမန်များ တက်ရောက်ကြသည်။

အစည်းအဝေးအပြီးတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တရုတ်နိုင်ငံတကာ ဖွံ့ဖြိုးမှုပူးပေါင်း ဆောင်ရွက်ရေး အေဂျင်စီဥက္ကဋ္ဌ တို့က လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးခြင်းနှင့် ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တရုတ်နိုင်ငံတကာ ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ ဥက္ကဋ္ဌတို့က တရုတ် - မြန်မာ ချစ်ကြည်ရေး အဆင့်မြင့်အထူးကုဆေးရုံကြီးစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ဖြစ်နိုင်ခြေ လေ့လာသုံးသပ်မှုအတွက် စာလွှာလက်မှတ်ရေးထိုး လဲလှယ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## အားကောင်းသောလေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်

နေပြည်တော် ဇူလိုင် ၂၄

ယနေ့ည ၉ နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ဖြည်းညှင်းစွာ ရွေ့လျားခဲ့ပြီး ပိုမိုအားကောင်းလာကာ၊ အားကောင်းသောလေဖိအားနည်းရပ်ဝန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။ စာမျက်နှာ ၄ သို့ ❖




## ရာသီကြို ခြေစမ်းပွဲတွင် ရတနာပုံနှင့် ရန်ကုန်စီးတီးအသင်းတို့ တစ်ဖက်တစ်ဂိုးစီ သရေကျ

ရန်ကုန် ဇူလိုင် ၂၄

မြန်မာနေရှင်နယ်လိဂ်ဘောလုံးရာသီသစ်အတွက် ပြင်ဆင်သည့်အနေဖြင့် ရတနာပုံအသင်းနှင့် ရန်ကုန်စီးတီးအသင်းတို့သည် ယနေ့နံနက်ပိုင်းက ဗဟန်းမြက်ခင်းတုကွင်း၌ ခြေစမ်းကစားခဲ့ကြပြီး တစ်ဂိုးစီ သရေကျခဲ့သည်။

လက်ရှိအချိန်တွင် ရတနာပုံအသင်းသည် ရာသီကြိုခြေစမ်းပွဲ နှစ်ပွဲကစားထားပြီး ISPE အသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် ရှုံးထားပြီး ရန်ကုန်စီးတီးအသင်းနှင့် သရေကျထားသည်။

အလားတူ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် ရန်ကုန်စီးတီးအသင်းသည် ရာသီကြိုခြေစမ်းပွဲ သုံးပွဲကစားထားပြီး ဒဂုံစတားယူနိုက်အသင်းနှင့် တစ်ဂိုးစီ သရေ၊ ISPE အသင်းနှင့် ဂိုးမရှိ သရေ၊ ရတနာပုံအသင်းနှင့် တစ်ဂိုးစီ သရေကျထားကြောင်း သိရသည်။

(NGB)

